# ROBIN COOK

mgyoe.com SAMPLE BOOK

# OUTBREAK




mgyoe.com

# ROBIN COOK

# OUTBREAK

SAMPLE BOOK

ဤဝတ္ထု မီစ္စာ သည် ရော်ဘင်ကွတ်ခ်၏ အခြား အခြားသော ဝတ္ထုများနှင့် ကွဲပြားခြားနား၏။ အမှန်တကယ် ရှိခဲ့သည့်ကပ်ရောဂါတစ်ခု ဖြစ်သော အီဘိုလာ ကပ်ရောဂါကို အရင်းတည်ကာ အမေရိကန် ဆေးလောက တစ်ခုလုံးကို မွှေနှောက် ချောက်ချားအောင် ဇာတ်အိမ် တည်ထားပြီး ကပ်ရောဂါဗေဒ (Epidemiology) ပညာရပ်၊ ပြည်သူ့ကျန်းမာရေးပညာရပ် (Public Health)၊ အမေရိကန် ပုဂ္ဂလိက ဆေးရုံဆေးခန်းများနှင့် ကြိုတင်ငွေပေး ကျန်းမာရေး အာမခံစနစ် (Pre-paid health insurance plan) တို့ကို အချိုးကျကျ မွှေနှောက်ကာ ရေးသားထား၏။ ဆေးပညာရပ်ကို ဈေးကွက်အတွင်း သွတ်သွင်းခြင်း (Commercialization of medicine) ၏ နောက်ဆက်တွဲဖြစ်ရပ်များ အကြောင်းကို ဖောင်းပေး ရေးသားထားသည်ဆိုလျှင် မှားအံ့မထင်။




4500 KS

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - အောက်တိုဘာလ၊ ၂၀၁၄ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - အလင်္ကာဝတ်ရည်ပုံနှိပ်တိုက်(၆၃၂၇)
အမှတ် (၁၃၅)၊ လုံးသွယ် (၁) လမ်း၊ ၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊
ရန်ကုန်။ ၀၉ ၄၄၈၀၁၆၂၃၂
မျက်နှာဖုံးဒီဇိုင်း - ဝင်းမြင့်ဦး
တန်ဖိုး - ၄၅၀၀ ကျပ်

၈၉၅.၈၃

သင့်လူ
မိစ္ဆာ / သင့်လူ။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်။
စာမျက်နှာ-၃၀၅၊ ၁၃×၂၀ စင်တီမီတာ။
(၁) မိစ္ဆာ

mgyoe.com

mgyoe.com SAMPLE BOOK

# ပဗဂ ဒိပ

## သင်းယု

**OUTBREAK by ROBIN COOK**

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၂၅၉၂၉၁၈၃၇ ၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

**http://kantkawwutyee.myanmaronlinesales.com**
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ

## ( ၁ )

ဤဝတ္ထုသည် နာမည်ကျော် အမေရိကန် စာရေးဆရာ (သူတို့ဆီမှာတော့ story teller ဟု သုံးသည်။ ပုံပြောဆရာ၊ ဇာတ်ကြောင်းပြောဆရာ၊ ကွက်စိပ်ဆရာ ဟုများ ဘာသာပြန်ရမည်လား မပြောတတ်) ရော်ဘင်ကွတ်ခ်၏ Outbreak ကို ဘာသာပြန်ထားခြင်း ဖြစ်သည်။

## ( ၂ )

စာရေးဆရာ၏ အမည်ရင်းမှာ 'ရော်ဘင်ဝီလီယံ အာသာကွတ်ခ်' ဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်တွင် မွေးဖွားသည်။ ဆေးပညာကို သင်ကြားကာ အမ်ဒီ (MD) ဘွဲ့ရသည်။ ဘော့စတွန်တွင် ဆေးဝါးကုသ အသက်မွေးဝမ်းကျောင်းလျက် ရှိစဉ် စာပေရေးသားခြင်း အလုပ်ကို တွဲဖက် လုပ်ဆောင်ခဲ့သည်။

နတ်နွယ် ဘာသာပြန်သော 'တစ်ဖန် ပြန်၍မနိုးသော ဝေဒနာ' အမည်ရသည့် 'ကိုမာ' (Coma) အပါအဝင် အောင်မြင်ကျော်ကြားသော ဆေးပညာနောက်ခံ ဝတ္ထုပေါင်းများစွာ ရေးသားခဲ့သည်။ သူ့ဝတ္ထုများစွာသည်

mgyoe.com

mgyoe.com SAMPLE BOOK

ဟောလီဝုဒ်၏ လူကြိုက်များသော ရုပ်ရှင်ကားများ ဖြစ်လာခဲ့သည်။ ယခု ဖလော်ရီဒါတွင် နေထိုင်ကာ စာပေ ဆက်လက် ရေးသားနေဆဲ၊ ဆေးကုသခြင်း အလုပ်ကို လုပ်နေဆဲ ဆရာဝန် စာရေးဆရာကြီး တစ်ဦး ဖြစ်သည်။

( ၃ )

ရော်ဘင်ကွတ်ခ်က ဆေးပညာနောက်ခံ သူ့ဝတ္ထုများကို Faction ဟု စကားလုံးသစ်ထွင်၍ အမည်ပေး၏။ အချက်အလက် (Facts) နှင့် စိတ်ကူးယဉ် (Fiction) တို့ကို ရောသမမွှေထားခြင်း ဟု ဆိုသည်။ ရော်ဘင်ကွတ်ခ်သည် ဆရာဝန်တစ်ဦး ဖြစ်သည့် အားလျော်စွာ ဆေးပညာဆိုင်ရာ အချက်အလက်များကို ဇဟိုပြု၍ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး အခြေအနေများနှင့် စိတ်ကူးယဉ် ပေါင်းစပ် ရောသမမွှေရာတွင် အလွန်ထူးချွန်သူ ဖြစ်၏။

( ၄ )

ဤဝတ္ထု 'မိစ္ဆာ'သည် ရော်ဘင်ကွတ်ခ်၏ အခြား အခြားသော ဝတ္ထုများနှင့် ကွဲပြားခြားနား၏။ အမှန်တကယ် ရှိခဲ့သည့် ကပ်ရောဂါတစ်ခု ဖြစ်သော အီဘိုလာကပ်ရောဂါကို အရင်းတည်ကာ အမေရိကန် ဆေးလောက တစ်ခုလုံးကို မွှေနှောက် ချောက်ချားအောင် ဇာတ်အိမ်တည်ထားပြီး ကပ်ရောဂါဗေဒ (Epidemiology) ပညာရပ်၊ ပြည်သူ့ကျန်းမာရေးပညာရပ် (Public Health)၊ အမေရိကန် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများနှင့် ကြိုတင်ငွေပေး ကျန်းမာရေး အာမခံစနစ် (Pre-paid health insurance plan) တို့ကို အချိုးကျကျ မွှေနှောက်ကာ ရေးသားထား၏။ ဆေးပညာရပ်ကို ဈေးကွက်အတွင်း သွတ်သွင်းခြင်း (Commercialization of medicine) ၏ နောက်ဆက်တွဲ ဖြစ်ရပ်များ အကြောင်းကို ဖောင်းပေး ရေးသားထားသည် ဆိုလျှင် မှားအံ့ မထင်။

( ၅ )

တစ်ကမ္ဘာလုံး ဈေးကွက်စီးပွားရေးကို ကျင့်သုံးလာသည့် ခုချိန်ကာလ သမယဝယ် ဈေးကွက်အလိုကျ ဆေးကွက်စီးပွားရေးသည်လည်း ကမ္ဘာ့

mgyoe.com

mgyoe.com
SAMPLE BOOK

နိုင်ငံ အသီးသီးတွင် ဖြစ်ထွန်းလာကြ၏။ မြင်ရုံနှင့် ရင်တုန်လောက်သည့် ပုဂ္ဂလိက ဆေးရုံကြီးများ၊ ဆေးခန်းကြီးများ အပြိုင်းအရိုင်း ပေါ်ထွန်းလာကြ၏။

ထိုအခါဝယ်....။

## ( ၆ )

နာမည်ကျော် 'မင်းသား' (The prince) ကျမ်းပြုစုသူ မက္ကီရာဗယ်လီ ၏ ပြောစမှတ်ပြုလောက်သည့် စကားတစ်ခွန်း ရှိသည်။

The end justifies the means.

'လူသားသည် ဆိုးရွား၏။ ထိုဆိုးရွားသော လူသားတို့ စံပယ်ရာ ဆိုးညစ်ပုပ်ပွ လူ့လောကကို စိုးမိုးအုပ်ချုပ်ရန် အာဏာအား ရယူ ထိန်းသိမ်း ရာတွင် မည်သည့်နည်းနှင့် ရရ၊ ရခြင်းသည်သာ ပဓာန။ ကြောင်ဖြူတာ မည်းတာ သာမညာ၊ ကြွက်သေဖို့သာ အဓိက' ဟု ဆို၏။

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင် ငွေကြေး အကျိုးအမြတ် ရလိုစိတ်အားကြီးပြီး ကြောင် ဖြူတာ၊ မည်းတာ သာမညာ၊ ကြွက်သေဖို့သာ အဓိက ဆိုသော အထက်ပါ သဘောတရားအတိုင်း ကျင့်သုံးလာကြသောအခါ 'မိစ္ဆာ'ကဲ့သို့သော ဖြစ်ရပ်များ ပေါ်ပေါက်လာလေတော့သည်။

သင့်လူ

□

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အစ

## ၁၉၇၆ ခုနှစ်၊ စက်တင်ဘာ ၇ ရက်
## အာဖရိက၊ ဇိုင်ယာနိုင်ငံ

အသက် ၂၁ နှစ်သား၊ ယေးတက္ကသိုလ် ဇီဝဗေဒကျောင်းသား ပျွန်နော်ဖိုက်သည် ဇိုင်ယာနိုင်ငံ၊ ဘန်ဘာဒေသ မြောက်ဘက် အစွန်အဖျားရှိ ရွာကလေးတစ်ရွာတွင် အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးလာသည်။

အချိန်က ဝေလီဝေလင်း။

ချွေးများဖြင့် နစ်နေသော အိပ်ရာပေါ်တွင် လူးလိမ့်နေရင်း ပျွန်သည် သူ၏ နိုင်လွန်ရွက်ဖျင်တဲခေါင်မိုးကို ငေးကြည့်နေ၏။ အပူပိုင်း မိုးသစ်တော၏ အသံဗလံများ၊ နိုးထစ ပြုလာသော ကျေးရွာမှ အသံများကို နားထဲတွင် ကြားနေ၏။ လေညင်းတစ်ချက် နော့လေသောအခါ သူ့နှာခေါင်းထဲတွင် နွားချေးနံ့များနှင့် မီးခိုးနံ့များ ရလာ၏။

ပျွန်သည် ကြိုးစားပြီး ထထိုင်လိုက်၏။ လူက ကိုင်ရိုက်ထားသလို နုံးချည့်ပြီး တစ်ကိုယ်လုံး အားအင်ကုန်ခန်းနေသလို ခံစားနေရသည်။ အခြေအနေက ညတုန်းကထက် ပိုဆိုး၏။ ညစာစားပြီး တစ်နာရီခန့်အကြာတွင် သူ ကောက်ကာငင်ကာ ဆိုသလို ချမ်းတုန်ဖျားလာ၏။

mgyoe.com

'ဒီလောက် ကလိုရိုကွင်းတွေ ဂရုတစိုက် သောက်နေတဲ့ကြားက ငှက်ဖျား ငါ့ကို တွယ်ပဟ' လို့ အဲဒီတုန်းက သူ့စိတ်ထဲ ဖြစ်မိသေးသည်။

တွယ်ချင်လည်း တွယ်ပေမပေါ့။ အင်မတန် နက်လှ၊ ခေါင်လှသည့် ဤတောကြီးမျက်မည်းထဲတွင် ဟိုတစ်ခု သည်တစ်ခု ပြန့်ကျဲနေသည့် ရေအိုင်ငယ်လေးများမှ တပ်တောင်တာ ဗိုလ်ထုဖြင့် ချီတက်လာကြသည့် ခြင်အက်ခေါ ဘိဏီတပ်ကြီးကို လွတ်အောင် ရှောင်ဖို့ရန် ခက်လှသည် မဟုတ်လား။

တုံ့နှေးနှေးခြေလှမ်းများဖြင့် သူ ရွာထဲသို့ လျှောက်လှမ်းသွားပြီး အနီးဆုံး ဆေးကုခန်းကို စုံစမ်းသည်။ တိုင်းရင်းသား ဘုန်းကြီးတစ်ပါးဆီက အရှေ့ဘက် ကီလိုမီတာ အနည်းငယ် အကွာရှိ ယမ်ဘူကူမြို့တွင် ဘယ်လ်ဂျီယမ် သာသနာပြု ဆေးရုံ ရှိမှန်း သိခဲ့ရသည်။ နေမကောင်းသဖြင့် သာခွေယိုင်နေသော ဂျွန်သည် ချက်ချင်း သူ့ပစ္စည်းတွေ သိမ်းဆည်းပြီး ယမ်ဘူကူသို့ ခရီးထွက်ခဲ့သည်။

ဂျွန်တစ်ယောက် ကောလိပ်မှ ခွင့်ခြောက်လ ယူ၍ ဇိုင်ယာလိုနိုင်ငံကို ရောက်နေရခြင်း အကြောင်းရင်းမှာ မျိုးတုံး ပျောက်ကွယ်လုဆဲဆဲ တောင်ပေါ် မျောက်ဝံလို အာဖရိကန်သတ္တဝါမျိုးစိတ်များအကြောင်း ဓာတ်ပုံမှတ်တမ်း ရိုက်ကူးရန် ဖြစ်သည်။ ဆယ့်ကိုးရာစုနှစ်က လူစွန့်စားခရီးသွားများကဲ့သို့ အာဖရိက လို ဒေသမျိုးကို စွန့်စားလာရောက်ရန် ကိစ္စမှာ သူ၏ ကလေးဘဝ ကတည်းက အိပ်မက် ဖြစ်သည်။

ယမ်ဘူကူမှာ သူ နေခဲ့သောရွာထက် မဆိုစလောက်လေးသာ ကြီး၏။ သာသနာပြုဆေးရုံ ဆိုသည်မှာလည်း တွန့်လိမ်နေသောသွပ်များ မိုးထားပြီး စုတ်ပြတ် ယိုင်ယွဲ့နေသော အဆောက်အအုံဟောင်းများသာ ဖြစ်သည်။ လျှပ်စစ် မီးလည်း မရှိ။ အထင်ကြီးစရာလည်း တစ်ကွက်မှ မမြင်။

ပြင်သစ်စကားတစ်မျိုးသာ ပြောတတ်သော ဘယ်လ်ဂျီယမ် မယ်သီလရှင် တစ်ပါးက သူ့ကို အနည်းငယ် မေးမြန်းပြီးနောက် ဆရာဝန် အလာကို တသီ တတန်းကြီး စောင့်နေကြသော တိုင်းရင်းသား လူနာများ၏ နောက်တွင် သူ တန်းစီရ၏။ အခြား အခြားသော ဝေဒနာရှင် လူနာများကဲ့သို့ပင် သူ့မှာ ဖြစ်နေသည့် ရောဂါသည် သူ ထင်သည်ထက် အများကြီး ပိုဆိုးမှန်း ထိုအချိန်က သူ သတိမထားမိ။

mgyoe.com

mgyoe.com

SAMPLE BOOK


နောက်ဆုံးတော့ အင်္ဂလိပ်စကား အနည်းငယ် ပြောတတ်သော၊ အမြဲ ပျာယာခတ်နေတတ်သော ဘယ်လ်ဂျီယမ် ဆရာဝန်နှင့် သူ တွေ့ခွင့်ရပြီ။ ဆရာဝန်က ခပ်မြန်မြန် စမ်းသပ်ပြီး သူ ထင်သည့်အတိုင်း ငှက်ဖျားဟု ရောဂါ အမည်တပ်၏။ ကလိုရိုကွင်း ထိုးဆေးတစ်လုံး ခပ်သွက်သွက် ထိုးရန် ညွှန်ကြားသည်။ နောက်နေ့ မသက်သာလျှင် ပြန်လာခဲ့ဟု ညွှန်ကြားသည်။

ဂျွန်သည် ဆေးထိုးဖို့ တန်းစီ စောင့်ဆိုင်းရပြန်၏။

အလိုလေး၊ ဆေးထိုးနေပုံကိုလည်း ကြည့်ပါဦး။ သူနာပြုဆရာမသည် ဆေးထိုးပြွန် သုံးချောင်းကို တစ်လှည့်စီ သုံး၍ ဆေးထိုးအပ်များကို ဘာပိုးမှ မသတ်ဘဲ တပြွတ်ပြွတ် ထိုးနေ၏။ သူ့အလှည့်ရောက်သော် ဆေးထိုးအပ်များ ပိုးသတ်ဆေးနှင့် နည်းနည်းစိမ်ရန် ပြောချင်သော်လည်း ပြင်သစ်စကားဖြင့် ဘယ်လို ပြောရမှန်း မသိသည့်အတွက်ကြောင့် လည်းကောင်း၊ အရေးတကြီး ဆေးထိုးဖို့ လိုနေသည်ဟု ထင်၍သော် လည်းကောင်း သည်အတိုင်းသာ အထိုးခံလိုက်ရသည်။

❦

သူ့ရောဂါသည် နောက်ရက်အနည်းငယ်အတွင်း သက်သာလာသည်။ သို့သော် ယမ်ဘူကူမြို့မှ သူ မပြန်သေး။ ဘက်ဒ်ဇာ လူမျိုးစုများကို လှည့်ပတ်ဓာတ်ပုံရိုက်နေသည်။ အာဖရိကမှဆိုးများ ဖြစ်သော ဘက်ဒ်ဇာတွေကလည်း လူဖြူတစ်ဦး သူတို့ကို ဓာတ်ပုံ လာရိုက်နေသည်ကို မြူးထူး ပျော်ပါးစွာ ကိုယ်ဟန်ပြနေကြသည်။

ယမ်ဘူကူရောက်ပြီး တတိယနေ့တွင် ဟင်နရီစတန်လေ သွားခဲ့သလို ဇိုင်ယာမြစ်တစ်လျှောက် ခရီးသွားရန် ပြင်ဆင်ဆဲမှာပင် ကျန်းမာရေး အခြေအနေသည် ရုတ်တရက် ပြန်ဆိုးလာခဲ့သည်။

ပထမဆုံး သူ စသတိထားမိသည်က ကွဲထွက်တော့မတတ် ခေါင်းကိုက်ခြင်း ဖြစ်၏။ ထို့နောက်တွင်တော့ ခိုက်ခိုက်တုန်အောင် ချမ်းခြင်း၊ အဖျားတက်ခြင်း၊ ပျို့ခြင်းနှင့် ဝမ်းလျှောခြင်းတို့ ဖဝါးခြေထပ် လိုက်ပါလာကြ၏။

မနက်ကျရင် ကောင်းသွားမှာပါလေဟု တွေးရင်း အိပ်ရာဝင်၏။ အိမ်မှ သန့်ရှင်းသပ်ရပ် မွေးကြိုင်သော သူ့အိပ်ခန်းကလေးကို အိပ်မက် မက်သည်။

mgyoe.com

မနက် လင်းအားကြီးတွင် ပိုဆိုးလာသည်။ အန်ရလွန်း အားကြီးသဖြင့် ရေဓာတ် ခန်းခြောက်လာသည်။ ဘယ်လိုမှ မနေနိုင်တော့သဖြင့် ပစ္စည်းတွေ သိမ်းဆည်းပြီး သာသနာပြုဆေးရုံကို သွားသည်။ ဆေးရုံ အဝင်မှာ ဝေါ့ခနဲ အန်ချလိုက်သည်။

ပူနွေး နီရဲ ပျစ်ချွဲသော သွေးများ။ သူ သတိမေ့သွားသည်။

☠

နောက်တစ်နာရီအကြာ သူ သတိပြန်ရလာတော့ ဆေးရုံတွင်းရှိ အခန်းတစ်ခုထဲတွင် ရောက်နေသည်။ သူ့အခန်းထဲတွင် ဆေးမတိုးသော ငှက်ဖျားရောဂါ ခံစားနေရသည့် အခြား လူနာနှစ်ယောက်လည်း ရှိနေ၏။

ဂျွန့်ကို ပထမအကြိမ်က စမ်းသပ် စစ်ဆေးခဲ့သော ဆရာဝန် ကိုယ်တိုင် ရောက်လာသည်။ ဂျွန်၏ ဆိုးရွားသော အခြေအနေကို တွေ့လိုက်ရသဖြင့် ပို၍ ဖျာယာခတ်သွားသည်။ အသေးစိတ် စမ်းသပ်သည်။ ဂျွန်၏ ခန္ဓာကိုယ်တွင် ဆန်းပြားသော လက္ခဏာအချို့ကို သူ တွေ့ရှိရသည်။ ရင်ဘတ်ပေါ်မှ အစက်အပြောက်များနှင့် မျက်လုံးထဲတွင် သွေးခြည်ဥနေခြင်းများ။ သို့သော် ဘာပဲဖြစ်ဖြစ် ဆရာဝန်၏ နောက်ဆုံး ကောက်ချက်မှာ ငှက်ဖျားသာ ဖြစ်၏။ ပုံမှန် မဟုတ်သော ပုံမှား ငှက်ဖျားဟု သူ ကောက်ချက်ချ၏။ သို့သော် ဆယ်ရေး တစ်ရေး ကိုးရေး တစ်ရာ တိုက်ဖွိုက် အူရောင်ငန်းဖျားကို ကာကွယ်ဖို့ရန် ကောင်ကလေးကို ကလိုရမ် ဖန်နီကောလ် ပေးမည်ဟု ဆရာဝန်က ဆုံးဖြတ်ချက် ချလိုက်သည်။

☠

mgyoe.com

mgyoe.com SAMPLE BOOK

## ၁၉၇၆ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်

ဘန်ဘာခရိုင် ကျန်းမာရေးဦးစီးမှူး ဒေါက်တာလူဂါဆာသည် ပြတင်းပေါက်ကို ဖွင့်လိုက်၏။ နံနက်ခင်း နေရောင်အောက်ဝယ် တဖျပ်ဖျပ် တလက်လက် အရောင်တောက်နေသော ဇိုင်ယာမြစ်ကို လှမ်းမြင်နေရသည်။

သူ့စိတ်ထဲမှာတော့ ထိုမြစ်ကို ဇိုင်ယာမြစ်လို့ မခေါ်ချင်။ ဒဏ္ဍာရီလာ စိတ်လှုပ်ရှားဖွယ်အမည် ဖြစ်သည့် ကွန်ဂိုမြစ်ဟုသာ အမြဲတမ်း ခေါ်ချင်သည်။ မြစ်အကြောင်း တွေးနေသည့် ဒေါက်တာ လူဂါဆာ၏ စိတ်သည် အလုပ်ဆီသို့ ပြန်ရောက်လာ၏။ သူသည် စာကို နောက်တစ်ခေါက် ပြန်ဖတ်လိုက်သည်။ ယမ်ဘူကူ သာသနာပြုဆေးရုံမှ စာ။ စာမှ တကယ့် ပြဿနာစာ။

ဌျှမ်နော်ဒိုက် အမည်ရှိသော အမေရိကန်ကျောင်းသားတစ်ဦးနှင့် အိဆိုလာ မြစ်နံဘေးက လယ်သမားတစ်ဦး ထူးဆန်းစွာ သေဆုံးသည့် အကြောင်း။ သာသနာပြု ဆရာဝန်၏ အဆိုအရ ထိုဒေသတွင် ဘာမှန်း မသိသေးသည့် ကူးစက်ရောဂါဆိုး တစ်ခု အစပြုနေပြီ ဖြစ်၏။ ဌျှမ်နော်ဒိုက်နှင့် တစ်ခန်းတည်း ဆေးရုံတွင် နေခဲ့ရသည့် လူနာ နှစ်ဦး၊ လယ်သမားကို ပြုစုသည့် လူနာစောင့် လေးဦးနှင့် ပြင်ပလူနာဌာနသို့ လာပြသော လူနာဆယ်ဦးမှာ အလားတူ ရောဂါလက္ခဏာများ တွေ့နေရပြီဟု ဆို၏။

ဒေါက်တာလူဂါဆာအဖို့ ရွေးစရာ လမ်းနှစ်သွယ် ရှိ၏။ ပထမတစ်လမ်းက ဉာဏ်ကြီးကြီးဖြင့် ရွေးချယ်သောလမ်းဟု ဆိုနိုင်လောက်သည့် ဘာမှ မလုပ်ဘဲ မသိလိုက်မသိဘာသာ နေဖို့။ သူ့ဘာသာ ချုံပုတ်ထဲ နေနေကြသော ဒေသတွင်းမှ

mgyoe.com

mgyoe.com SAMPLE BOOK

ရောဂါပိုးများကို ဘုရားမကြိုက်၊ နတ်မကြိုက် သွားမဆွလေနှင့်။ အချိန်တန်တော့ သူ့ဘာသာ ပျောက်သွားလိမ့်မည်။

ဒုတိယလမ်းက သူ့အထက် ကျန်းမာရေးအာဏာပိုင် အဆင့်ဆင့်ကို မိုးထိအောင် ဗျူရိုကရေစီ လှေကားထောင်၍ မြို့တော် ကင်ရှာဆာအထိ သည်အကြောင်း သတင်းပို့၊ အပေါ်ဆုံး ရောက်သွားလျှင် အစည်းအဝေး ထိုင်တော့မယောင်ယောင်၊ ချက်ချင်းပဲ နှိမ်နင်းတော့မယောင်ယောင် လုပ်ပြီး နောက်ဆုံးတော့ ဘာမှ မလုပ်ဘဲ နေကြလိမ့်ဦးမည်။

ဒုတိယလမ်းကို ရွေးလိုက်ခြင်းအားဖြင့် အခု ချက်ချင်း သူ့အတွက် ရလာမည့် ဆိုးကျိုးကတော့ အခုလို အင်မတန် ပူအိုက်စိုစွတ်သော အချိန်တွင် ယမ်ဘူကူသို့ ခရီးကြမ်းနှင်ရခြင်း ဖြစ်မည်မှာ မြေကြီးလက်ခတ် မလွဲ။

ဒေါက်တာလူဂါဆာသည် သက်ပြင်းရှိုက်ရင်း အမှိုက်ပုံးထဲသို့ စာကို ပစ်ထည့်လိုက်သည်။

## ၁၉၇၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်

တစ်ပတ်အကြာတွင် ဒေါက်တာ လူဂါဆာသည် ဘန်ဘာလေဆိပ်တွင် မတ်တတ်ရပ်ရင်း အိုမင်းလှပြီ ဖြစ်သော ဒီစီ-၃ လေယာဉ်ပျံ ဆင်းသက်လာသည်ကို တုန်လှုပ်စွာ ကြည့်နေရ၏။ လေယာဉ်ပေါ်မှ ပထမဆုံး ဆင်းလာသူမှာ ကင်ရှာဆာမှ သူ့အထက်အရာရှိ ဒေါက်တာဘူးချတ်ဒ် ဖြစ်၏။ မနေ့ကပဲ သူ ဒေါက်တာဘူးချတ်ဒ်ကို ယမ်ဘူကူ သာသနာပြုဆေးရုံမှ ကူးစက်ရောဂါဆိုး အကြောင်း တယ်လီဖုန်းဆက်လိုက်သည်။ အခုတော့ ထိုရောဂါမှာ ဆေးရုံဝန်ထမ်းများကိုပါ ကူးစက်လာပြီ ဖြစ်၏။ လွန်ခဲ့သောတစ်ပတ်က ထိုအကြောင်း သတင်းပို့ထားသည့် စာကို သူ ရခဲ့သည် ဆိုခြင်းကိုတော့ ထည့်မပြော။

ဆရာဝန် နှစ်ဦး ဖက်လဲတကင်း နှုတ်ဆက်ကြပြီးနောက် ဒေါက်တာ လူဂါဆာ၏ တိုယိုတာ ကိုရိုလာကားပေါ်သို့ တက်လိုက်ကြသည်။

ခရီးရောက်မဆိုက် ဒေါက်တာဘူးချတ်ဒ်က ယမ်ဘူကူသတင်း မေး၏။ ဒေါက်တာလူဂါဆာ စိတ်မသက်မသာ ဖြစ်သွားသည်။ သည်နေ့မနက် ရောက်

mgyoe.com

mgyoe.com
SAMPLE BOOK


သည့် သတင်းအရ ရွာသူရွာသား တစ်ရာ့လေးဆယ်နှင့် ဆေးရုံဝန်ထမ်း ၁၁ ယောက် သေပြီးခဲ့ပြီ။ ဆေးရုံလည်း ပိတ်လိုက်ပြီဟု ဆို၏။

ဒေါက်တာဘူးချတ်ဒ်က ဘန်ဘာခရိုင်တစ်ခုလုံးကို ကွာရန်တင်းလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ကွာရန်တင်း ဆိုသည်က ထိုဒေသတစ်ခုလုံးရှိ လူများကို ရောဂါ ဖြစ်နိုင်ခြေ ရှိသူများဟု သတ်မှတ်၍ အခြား ဒေသများသို့ ပြောင်းရွှေ့ခွင့် ပိတ်ပင်တားဆီးလိုက်ခြင်း ဖြစ်၏။ အနုနည်းနှင့် တား၍ မရလျှင် ပစ်ခတ် သတ်ဖြတ်၍ အကြမ်းနည်းဖြင့် တားရလိမ့်မည်။

ဘူးချတ်ဒ်သည် ကင်ရှာဆာသို့ ဖုန်းအကြိမ်ကြိမ်ခေါ်ပြီးနောက် မနက်ဖြန် ယမ်ဘူကူ သွားဖို့ အသင့်ပြင်ထားရန် ဒေါက်တာလူဂါဆာကို ညွှန်ကြား၏။ အခြေအနေကို မျက်မြင်ကိုယ်တွေ့ တွေ့ရမှ ဖြစ်မည်။

✽

## ၁၉၇၆ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်

ချောက်ချားဖွယ် တိတ်ဆိတ်လျက် ရှိသည့် ယမ်ဘူကူ သာသနာပြု ဆေးရုံသည် ဆရာဝန် နှစ်ဦးကို အေးစက် တုန်လှုပ်ဖွယ် ကြိုဆိုလျက်ရှိသည်။ အပုပ်နံ့လှိုင်နေသည့် ဆေးရုံ။ အဝင်ဝတွင် ဟိုသည် လျှောက်ပြေးနေသော ကြွက်တစ်ကောင်သာ ရှိ၏။

လန်ရိုဗာကားပေါ်မှ လက်ကိုင်ပဝါ ကိုယ်စီ နှာခေါင်းစည်းပြီး ဆင်းခဲ့ကြသော ဆရာဝန်ကြီး နှစ်ဦးသည် အနီးဆုံး အဆောက်အအုံထဲသို့ မရဲတရဲ ချောင်းကြည့်လိုက်ကြသည်။ အထဲတွင် ပုပ်သိုးစပြုနေသော အလောင်း နှစ်လောင်း။

တတိယမြောက် အဆောက်အအုံထဲတွင်တော့ မျှော်လင့်မထားသော မြင်ကွင်းတစ်ခုကို သွားတွေ့ကြ၏။ သေအံ့မူးမူး အဖျားတက်နေသော သူနာပြု ဆရာမ တစ်ဦး။ ဆရာဝန်နှစ်ဦးသည် ခွဲစိတ်ခန်းသို့ အမြန်ပြေးသွားပြီး ဝတ်ရုံ၊ နှာခေါင်းစည်းနှင့် လက်အိတ်များကို အမြန်ဝတ်ကြပြီး ထိုသူနာပြုဆရာမကို အမြန်သယ်ထုတ်သည်။ နောက်ထပ် အသက်ရှင်သူ ရှိလိုရှိငြား လိုက်ရှာသည်။ သုံးဆယ်ခန့်သော အလောင်းများကြားတွင် သေလုသေခင် လူနာ လေးယောက် ကို ထပ်တွေ့လိုက်ကြရ၏။

mgyoe.com

 mgyoe.com SAMPLE BOOK 

ဒေါက်တာဘူးချတ်ဒ်သည် ကင်ရှာဆာသို့ ရေဒီယိုဆက်သွယ်ရေးဖြင့် အားချင်း ဆက်သွယ်ပြီး လူနာများအား မြို့တော် ဆေးရုံသို့ ပို့ရန် ဖိုင်ယာ လေတပ်၏ လေကြောင်းအကူအညီကို တောင်းခံလေတော့သည်။ လေကြောင်း ခရီးဖြင့် သယ်ဆောင်ရာတွင် စိတ်ချရသည့် ကာကွယ်ရေး အစီအမံများအတွက် တက္ကသိုလ်ဆေးရုံ ကူးစက်ရောဂါ အထူးကုဌာနမှ ညွှန်ကြားချက်များ နာခံ အပြီးတွင် လူနာ ငါးယောက်အနက် ဘယ်လ်ဂျီယမ် သူနာပြုတစ်ဦးသာ အသက်ရှင် ကျန်ရစ်တော့သည်။ အကာအကွယ် စီမံချက်များ မလုပ်၍ မဖြစ်၊ ဒေါက်တာ ဘူးချတ်ဒ်၏ အဆိုအရ အလွန်ကူးစက်လွယ်ပြီး အင်မတန် အသေမြန်သော ရောဂါကြီးနှင့် သူတို့ နဖူးတွေ့ ဒူးတွေ့ တွေ့နေကြပြီ ဖြစ်သည်။

☠

## ၁၉၇၆ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်

ကင်ရှာဆာသို့ လေကြောင်းခရီးဖြင့် ပို့ဆောင်ခဲ့သော ဘယ်လ်ဂျီယမ် သူနာပြုသည် နံနက် ၃ နာရီတွင် အနိစ္စရောက်သွားခဲ့ပြီ။

ခြောက်ရက်မျှ အပြင်းအထန် အားသွန်ခွန်စိုက် ကုသသော်ငြားလည်း ဘာရောဂါဟု နာမည်မတပ်နိုင်ခဲ့။ သူ့အလောင်းကို ခွဲစိတ်ပြီးနောက် သွေး၊ အသည်း၊ ဘေလုံးနှင့် ဦးနှောက် အသားစ နမူနာများကို ဘယ်လ်ဂျီယမ်နိုင်ငံ အန့်ဝပ်ရှိ အပူပိုင်း ဆေးပညာ တက္ကသိုလ်သို့ လည်းကောင်း၊ အမေရိကန်နိုင်ငံ အတ္တလန်တာရှိ ဗဟိုရောဂါထိန်းချုပ်ရေးဌာန (ဗ-ရ-ဌ) သို့ လည်းကောင်း၊ အင်္ဂလန်နိုင်ငံ ပေါ်တွန်ဒေါင်းရှိ မိုက်ခရုပ် ပိုးမွှားသုတေသနဌာနသို့ လည်းကောင်း အသီးသီး ပို့လိုက်၏။ ယမ်ဘူကူတစ်ဝိုက်တွင် ရောဂါဖြစ်ပွားသူ နှစ်ရာ ကိုးဆယ့် လေးယောက်အထိ ရှိလာပြီး ရောဂါဖြင့် သေဆုံးနှုန်းက ၉၀ ရာခိုင်နှုန်း အနည်းဆုံး။

☠

mgyoe.com

mgpoe.com SAMPLE BOOK

## ၁၉၅၆ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်

အပြည်ပြည်ဆိုင်ရာ ဓာတ်ခွဲခန်း သုံးခုက တစ်ပြိုင်နက်တည်းနီးပါး ယမ်ဘူကူရောဂါဆိုး၏ တရားခံ လက်သည်မှာ ဗိုင်းရပ်စ် ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ကြသည်။ ယူဂန္ဒာမျောက်များကို ကိုင်တွယ်ရာမှတစ်ဆင့် ဓာတ်ခွဲခန်း လုပ်သားများတွင် ဖြစ်ပွားခဲ့ပြီး ၁၉၆၇ ခုနှစ်က ဖော်ထုတ်နိုင်ခဲ့သည့် မာဘတ်ခ် ဗိုင်းရပ်စ်နှင့် ပုံသဏ္ဌာန်ချင်း ခပ်ဆင်ဆင်။

သို့သော် မာဘတ်ခ်ထက် အများကြီးပို၍ ဆိုးရွားသောင်းကျန်းပုံ ရ၏။ သူ့ကို နာမည်ပေးရတော့မည်။ ဘန်ဘာခရိုင် အီဘိုလာမြစ်၏ မြောက်ဘက်မှာ စတင်တွေ့ရှိခဲ့သည်ကို အစွဲပြု၍ သူ့နာမည် 'အီဘိုလာဗိုင်းရပ်စ်' ဖြစ်လာခဲ့ သည်။ အကျိတ်ပလိပ် ကပ်ဆိုးပြီးနောက် အဆိုးဆုံးဟု ယူဆရသော လူ့သတ် သမား လက်သစ်တစ်ကောင် ပေါ်ထွက်လာချေပြီ။

☠

## ၁၉၇၆ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်

နှစ်လအကြာတွင် ယမ်ဘူကူမှ ရောဂါ ကပ်ဆိုးသည် နောက်ထပ် ရောဂါသည်အသစ် ထပ်မံ ဖြစ်ပွားခြင်း မတွေ့ရတော့၊ ရက်သတ္တပတ်ပေါင်း များစွာ စောင့်ကြည့်သည်။ တစ်ယောက်မှ ထပ်မဖြစ်။

☠

## ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်

ဘန်ဘာခရိုင်တွင် ကွာရန်တင်း ရုပ်သိမ်းလိုက်ပြီ။ အီဘိုလာ ဗိုင်းရပ်စ် သည် မြေမျိုသွားသကဲ့သို့ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားသည်။ ထိုနည်းတူ သူ စတင်ခဲ့ရာ နေရာကိုလည်း ရှာမရခဲ့ကြ။ ဗဟိုရောဂါထိန်းချုပ်ရေးစင်တာမှ နာမည်ကျော် ဒေါက်တာဆိုင်ရေးဒပ်ချက် အပါအဝင် တပ်တောင်တာ ဗိုလ်ထု

mgpoe.com

mgyoe.com SAMPLE BOOK

ဖြင့် ချီတက်လာကြသော ဗိုင်းရပ်စ် ပညာရှင်များ၊ ပြည်သူ့ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေး စပါယ်ရှယ်လစ်များသည် အဲဘိုလာဗိုင်းရပ်စ်ကို လက်ခံထားသော သတ္တဝါကို နို့တိုက်သတ္တဝါများ၊ ငှက်များ၊ ခြင်၊ ယင်၊ ကြွက်၊ ကြမ်းပိုး၊ သန်း၊ ကျီးကန်းပါမကျန် ရှာဖွေကြသော်လည်း ဘာမှ မတွေ့ခဲ့ကြ။ သဲလွန်စကလေးတစ်ခုတောင် မရ။

mgyoe.com

mgyoe.com SAMPLE BOOK

## လော့စ်အိန်ဂျယ်လိစ်၊ ကယ်လီဖိုးနီးယား
## ဇန်နဝါရီ ၁၄ ရက်၊ လက်ရှိ အချိန်ကာလ

လော့စ်အိန်ဂျယ်လိစ်မှ ထင်ရှားကျော်ကြားသော ရစ်ချ်ဟာဆေးခန်း၏ ပူးတွဲပိုင်ရှင် ဂျာမန်လူမျိုး မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာရူးဒေါ့ရစ်ချ်ဟာ သည် အစည်းဝေးခန်းထဲရှိ ဘဲဥပုံ စားပွဲတွင် ထိုင်ကာ ဆေးခန်းကြော်ငြာကို ပရုဖ်ဖတ်လျက် ရှိ၏။ သူ့ညာဘက်တွင် သူ့ညီလည်း ဖြစ်၊ လုပ်ငန်းပါတနာ လည်း ဖြစ်သည့် ဝီလီယံရစ်ချ်ဟာ ထိုင်နေ၏။ သူကလည်း ကြော်ငြာပရုဖ်ကို စူးစိုက် ဖတ်ရှုနေသည်။ ကြော်ငြာပါ အကြောင်းအရာမှာ ဆေးခန်းမှ နောက် သုံးလအတွင်း ဝန်ဆောင်မှုပေးတော့မည့် လူငယ်လူရွယ်များအတွက် ကျန်းမာရေး အာမခံဝန်ဆောင်မှုအကြောင်း ဖြစ်၏။ ကြိုတင်ငွေ ပရီမီယံ ပေးသွင်းပြီး ဝန်ဆောင်မှု ကောင်းကောင်းပေးသည့် ထိုလုပ်ငန်းမှာ အမှန်တကယ် ငွေရပေါက်ရလမ်းကြီး ဖြစ်ကြောင်း ဝီလီယံက ချက်ချင်း သဘောပေါက်သည်။ ရူးဒေါ့ကလည်း ပရုဖ်ပါ စာသားများကို နှစ်သက်နေ၏။

ထိုပရုဖ်သည် သူ့အတွက် ဒီနေ့အဖို့ ပထမဆုံးသော မင်္ဂလာ ဖြစ်၏။ သည်နေ့ သူ ကံမကောင်း၊ အလုပ်သို့ လာရာလမ်းတွင် သူ၏ အသစ်စက်စက် ဘီအမ်ဒဗလျူကားကြီး အနည်းငယ် ထိခိုက်ခဲ့သည်။ ဆေးခန်း ရောက်ရောက် ချင်း အရေးပေါ် ခွဲခန်းဝင်ရသည်။ လူနာက နောက်ဆက်တွဲ ဖြစ်ရပ်ဆိုးတွေ တစ်ပြုံကြီး ကြုံနေရသော အဖော်စိတ်လူနာ။ မျက်လုံးကို စမ်းသပ်မလို့ လုပ်တုန်း လူနာက ကယောင်ကတမ်းဖြင့် သူ့မျက်နှာကို လာကုတ်ဆွဲခြင်းကို ခံခဲ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK


မျက်လုံးတွင် ဟားပီးစ် ဗိုင်းရပ် ရှိ၊ မရှိ သုတေသနလုပ်နေသော ပရောဂျက်မှ အစမ်းသပ်ခံ မျောက်တစ်ကောင်၏ ကိုက်ခြင်းကိုလည်း ခံရပြန်သေးသည်။ သည်နေ့ ရူးဒေါ့ ကံမကောင်းပါ။

ရူးဒေါ့သည် ကြော်ငြာကို လော့စ်အိန်ဂျယ်လိစ် တနင်္ဂနွေထုတ် တိုင်းမဂ္ဂဇင်းတွင် ထည့်သွင်းရန် ဝီလီယံကို မီးစိမ်းပြလိုက်၏။ ညနေခင်း သတင်းအကြား စက္ကန့်သုံးဆယ်စာ တီဗွီကြော်ငြာလည်း ရိုက်မည်။ မာလီဘူးကမ်းခြေမှာ ငယ်ငယ်ချောချော ကောင်လေးတွေနှင့် ဆော်လီဘော ကစားနေသည့် တောင့်တောင့်ဖြောင့်ဖြောင့် ဘီကီနီမလေးတွေနှင့် ရိုက်ကူးမည်။ ကုန်ကျစရိတ် အလွန်ကြီးလှသော ပက်စီကိုလာ ကြော်ငြာကိုပင် သတိရလိုက်မိသေးသည်။

သို့သော် ရစ်ချ်တာလို ဆေးခန်းမျိုးမှပေးမည့် ကျန်းမာရေးအာမခံကို အခြား သာမန်ကျန်းမာရေးအာမခံများထက် အပြတ်အသတ်သာဖို့က အရေးကြီးလှသည် မဟုတ်လား။ ထောင်မြင် ရာစွန့်ရမည်ပေါ့။

အစည်းဝေးခန်းထဲတွင် ရူးဒေါ့နှင့် ဝီလီယံ ဆေးခန်းပိုင်ရှင် ညီအစ်ကိုနှစ်ယောက်အပြင် ဆေးခန်းရှယ်ယာ နည်းနည်းစီပိုင်သော ဆေးပညာဌာနမှူး ဒေါက်တာ နာဇာရီ အပါအဝင် ဆေးခန်း ဒါရိုက်တာအဖွဲ့ဝင်များ ရှိကြ၏။ ဝီလီယံက လည်ချောင်းရှင်းလိုက်ပြီး ဒါရိုက်တာအဖွဲ့ဝင်များကို ပြန်လှန်မေးခွန်းရှိ၊ မရှိ မေးသည်။ ဘာမှ မေးစရာ မရှိကြ။

ကြော်ငြာသမားများ ထွက်ခွာသွားသောအခါ နယူးပို့ထ်ကမ်းခြေတွင် မိုဘိုင်းဆေးခန်းတစ်ခု တည်ထောင်ရန် ကိစ္စကို အနည်းငယ် ဆွေးနွေးကြ၏။ အစည်းအဝေး ပြီးပြီ။

☠

ဒေါက်တာ ရစ်ချ်တာသည် ကြော်ငြာ ပရုဖ်များကို လက်ဆွဲအိတ်ထဲ ထည့်ပြီး ရုံးခန်းသို့ ပြန်၏။ ဆေးခန်းမှ သူ ရနေသော လစာနှင့်စာလျှင် ရုံးခန်းက သားနားလွန်း အားကြီးနေသည်။ သို့သော် သူ့အတွက် လစာ ဆိုသည်က လူကြားကောင်းအောင် ဟန်ပြယူရခြင်း မဟုတ်လား။ သူကိုယ်တိုင် ပိုင်ဆိုင်

mgyoe.com

mgyoe.com

သော ဆေးခန်း ဖြစ်သည့်အတွက် ဆေးခန်း အောင်မြင်လေ သူ ချမ်းသာလေသာ ဖြစ်၏။

ဖုန်းဆက်စရာ ရှိသည်များကို ဆက်ပြီးနောက် ခွဲစိတ်ပြီး အတွင်းလူနာများကို လှည့်လည်စစ်ဆေးရသည်။ အလွန်အင်မတန် ရှုပ်ထွေးသောရောဂါရာဇဝင်များကို ပိုင်ဆိုင်သော မျက်ကြည်လွှာ ကွာထွက်သည့် လူနာ နှစ်ဦး။ နှစ်ဦးလုံး ခွဲစိတ်မှု အောင်မြင်သည်။ ရုံးခန်းသို့ ပြန်လာရင်း မျက်စိ ခွဲစိတ်ကုဆရာဝန်ကြီးတစ်ဦးအနေဖြင့် သူ၏ ခွဲစိတ်မှုများ နည်းပါးလာသည်ကို တွေးရင်း စိတ်မသက်မသာ ဖြစ်ပြန်၏။ လွန်ခဲ့သည့် ရှစ်နှစ်က သူညီပေးသော အကြံဖြင့် ဆေးခန်းထောင်မိသည်ကိုပင် ကျေးဇူးတင်ရမည်။

ဂျူတီကုတ် ဖြူလွလွကို မီးပြာရောင် ဘလေဇာ ကုတ်အင်္ကျီဖြင့် လဲလှယ်ဝတ်ဆင်ပြီး အိတ်ကိုဆွဲကာ ဆေးခန်းမှ ထွက်လာတော့ ည ကိုးနာရီ ထိုးလေပြီ။ ကားပက်ကင်တွင် ကား မရှိသလောက် ရှင်းနေသည်။

နေ့ခင်းဆိုလျှင် ကားထိုးစရာနေရာ မရှိလောက်အောင် ကျပ်ညပ်နေတတ်သော ကားပက်ကင်။ ဝီလီယံကတော့ ကားပက်ကင်ကို ထပ်ချဲ့ဖို့ တိုက်တွန်းနေသည်။ စီးပွားရေးသဘောအရ အကျိုးအမြတ် ရှိနိုင်သည် ဆိုကြောင်းကို အထောက်အထားများဖြင့်ပင် သူ့ကို ပြောသေးသည်။ သူ ကောင်းကောင်းနားမလည်။

ဆေးခန်း၏ အကျိုးအမြတ်များကြောင့် မြူးထူးနေသော ဒေါက်တာရစ်ချ်တာသည် ကားပက်ကင်အမှောင်ရိပ်ခို၍ စောင့်ဆိုင်းနေသော လူနှစ်ယောက်ကို သတိမပြုမိ။ တစ်ကိုယ်လုံး အမည်းရောင် ဝတ်ထားသူ နှစ်ယောက် သူ့နောက်မှ ထက်ကြပ်မကွာ လိုက်လာချိန်အထိလည်း မသိသေး။

ထိုနှစ်ယောက်အနက် အရပ်ပိုမြင့်သောသူမှာ လက်တစ်ဖက် ဆန့်နိုင်ပုံမရ။ တံတောင်ဆစ်မှာ အမြဲကွေးနေ၏။ ထိုကွေးသောလက်ဖြင့်ပင် လက်ဆွဲအိတ် အကြီးကြီး တစ်လုံးကို ကိုင်ထားပြန်သေးသည်။

ထိုလူနှစ်ယောက် သူ့နောက် လိုက်လာကြောင်းကို ကားနား ရောက်မှပင် ဒေါက်တာရစ်ချ်တာ သတိပြုမိတော့သည်။ ချက်ချင်းပင် စိတ်ထဲက လေးလံလာ၏။ တံတွေး တစ်ချက် ခက်ခက်ခဲခဲ မျိုချလိုက်ပြီး နောက်သို့ မသိမသာ ခိုးကြည့်လိုက်သည်။ ဝတ်ပုံစားပုံကတော့ သားသားနားနားတွေပါပဲ။ စိတ်နည်းနည်း သက်သာသွား၏။

mgyoe.com

mgyoe.com

သို့သော် ကားဆီသို့ မပြေးရုံတစ်မည် လျှောက်လှမ်းလိုက်သည်။ သော့အမြန်ဖွင့်၍ မောင်းသူထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ကားတံခါး ပိတ်မည် အလုပ် လက်ကြီး တစ်ဖက်က တားဆီးလိုက်သည်ကို တွေ့လိုက်ရတော့သည်။

☠

ရှုးဒေါ့ မော့ကြည့်လိုက်သည်။ တည်ငြိမ်သော၊ ခံစားချက်ကင်းသော မျက်နှာ တစ်ခု။ သူ ကြည့်လိုက်တော့ သူ့ကို မဆိုစလောက် ပြုံးပြ၏။ ကား တံခါးပိတ်ဖို့ ကြိုးစားပြန်၏။ ထိုလက်ကြီးက တားပြန်၏။

''ဘယ်အချိန်ရှိပြီလဲ ဒေါက်တာ''

သူ့ကို ယဉ်ကျေးစွာ မေးလိုက်သော အသံ။

အို- အချိန် သိချင်လို့ကိုး။ စိတ်သက်သာရာရစွာဖြင့် လက်တွင် ပတ်ထားသော နာရီကို မြှောက်အကြည့် ဝုန်းခနဲ ကားပေါ်မှ ဆွဲချခံလိုက်ရ သည်။ သူ ရှုန်း၏။ ပါးတစ်ဖက်ကို ပြင်းထန်စွာ အထိုးခံလိုက်ရပြီး မြေပေါ် ခွေလဲကျသွား၏။ ထွက်ကျသွားသော ပိုက်ဆံအိတ်ကို လိုက်စမ်းနေစဉ် သူ့ လက်ဆွဲအိတ်ရော နာရီပါ လုယူခံလိုက်ရ၏။

ထို့နောက်တွင်တော့ ခပ်သုတ်သုတ် ပြေးသွားသော ခြေသံများ၊ ကား တာယာနှင့် ကွန်ကရစ် ပွတ်ကြိတ်သံများကို ဆက်တိုက် ဆိုသလို ကြားလိုက်ရ သည်။ သူ မထနိုင်သေး။ အသက်ရှင်နေသည်ကိုပင် ကျေးဇူးတင်ရမည်။ မျက်မှန်ကို လိုက်စမ်းရင်း တွေ့၏။ ဘယ်ဘက်မှန် နည်းနည်းအက်သွားသည်။

ခွဲစိတ်ကုဆရာဝန်တစ်ယောက်အဖို့ အသက်ထက် အရေးကြီးသော လက်တစ်စုံ ဘာမှ မဖြစ်၍ တော်သေး၏။ ဟိုနား သည်နား ပွန်းပဲ့တာတွေတော့ ရှိ၏။

''အလိုလေး ဘုရားသခင်၊ ကံဆိုးလိုက်တဲ့ နေ့ပဲ''

ရှုးဒေါ့သည် ညည်းတွားရင်း ဆေးခန်းထဲ ပြန်ဝင်၏။ လုံခြုံရေးကို ခေါ်၏။ မိနစ်မဆို ဖုန်းဆက်ပြီး အပြန် နောက်ကျမည့်အကြောင်း အစီရင်ခံ၏။ ညာဘက်ပါးမှ ဒဏ်ရာကို မှန်ထဲ ကြည့်ရင်း စုတ်တသပ်သပ် ညည်းတွား၏။ ဆေးထည့်၏။ ပိုက်ဆံအိတ်ထဲမှ ခရက်ဒစ်ကတ်များနှင့် ကယ်လီဖိုးနီးယား

mgyoe.com

mgyoe.com

ဆေးကုသခွင့် လိုင်စင်ကတ်ပြားအကြောင်း၊ ဇနီးသည်၏ လက်ဆောင် ဖြစ်သဖြင့် မြတ်နိုးစွာ ပတ်ခဲ့သော နာရီအကြောင်း ပြန်စဉ်းစား၏။

သူ့အခန်းတံခါးခေါက်သံ ကြား၏။

အခန်းရှေ့တွင် လုံခြုံရေးသည် မျက်နှာငယ်ကလေးဖြင့် ရပ်နေ၏။ သူ့ကို အနူးအညွတ် တောင်းပန်နေသဖြင့် သူကပင် ပြန်ချော့ရသေးသည်။ ရဲကို အကြောင်းကြားဦးမည် ကြံသော်လည်း ဆေးခန်းကိစ္စများက ခေါင်းထဲ ဝင်လာသဖြင့် အကြောင်းမကြားတော့။

နောက်တစ်နေ့တွင် ဒေါက်တာရစ်ချ်တာ နေလို့ မကောင်း။ ညက ထိတ်လန့်မှုကြောင့် ကောင်းကောင်း အိပ်မပျော်သည့်ဒဏ်ကို ခံနေရသည်။ ထို့ကြောင့် ညနေ ငါးနာရီခွဲတွင် ဆေးမှတ်တမ်းဌာနမှ သူ့အဆက်ကလေးနှင့် အကြည်ဆိုက်ရန် ကိစ္စကို ဖျက်လိုက်ရသည်။ အိမ်ပြန်မည်။ တစ်ညနေလုံး အိပ်ရာထဲမှာပဲ နေတော့မည်။ စိတ်ပန်း၊ လူပန်း ဖြစ်သမျှ အနားကောင်းကောင်း ယူရမည်။ မနက်ဖြန်တွင် အားပြည့် အင်ပြည့် အလုပ်လုပ်ရမည်။

နောက်တစ်နေ့တွင် ဒေါက်တာရစ်ချ်တာ တစ်ယောက် အကြီးအကျယ် နေမကောင်း ဖြစ်တော့သည်။ ရုံးခန်းထဲတွင် ထိုင်နေရာမှ အထ ချာချာလည် အောင် မူးသွား၏။ ချက်ချင်း ခေါင်းထဲသို့ မျောက်ကိုက်ခံရသည့် ကိစ္စနှင့် အေ့ဒ်စ်လူနာ အကိုင်ခံရသည့် ကိစ္စတို့ ဝင်လာသဖြင့် မေ့ပစ်ဖို့ ကြိုးစားလိုက်ရ သည်။ အိတ်ချ်အိုင်ဗွီသည် အကိုင်ခံရရုံနှင့် မကူးနိုင်မှန်း သူ ကောင်းကောင်း သိသော်လည်း မျောက်ကိုက်သည့်အတွက် လူမသိနိုင်သည့် ရွက်ပုန်းသီး ကူးစက် ရောဂါ တစ်မျိုးမျိုး ဝင်မှာ သူ ကြောက်နေသည်။

ညနေ သုံးနာရီခွဲလောက်တွင် ကျောရိုးထဲမှ စိမ့်တက်ပြီး ချမ်းတုန်လာ သည်။ ခေါင်းတစ်ပြင်လုံး အပြင်းအထန် ကိုက်ခဲလာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ ဖျားပြီ။ ညနေခင်း အချိန့်အချက် အားလုံး ဖျက်ပစ်လိုက်သည်။ တုပ်ကွေးမိပြီ ထင်၏။ သူ အိမ်ပြန်သည်။

☠

မျက်နှာတစ်ပြင်လုံး ဖြူဆွတ်၍ မျက်လုံးတွေ နီရဲနေသော သူ့ကို ကြည့်ပြီး ဇနီးသည်မှာ အကြီးအကျယ် ထိတ်လန့်သွားပြီး အိပ်ရာထဲသို့ တန်းပို့လိုက်သည်။ ညရှစ်နာရီတွင် မခံမရပ်နိုင်လောက်အောင် ခေါင်းကိုက်လာသဖြင့် အကိုက်အခဲပျောက်ဆေး ထစားသည်။ ညကိုးနာရီတွင် အစာအိမ်ထဲမှ အပြင်းအထန် လှုပ်ရှားလာပြီး ဝမ်းလျှောတော့သည်။ သူ့မိန်းမက စိုးရိမ်လာပြီး ဒေါက်တာ နာဗာရိုကို ခေါ်ရန်ပြင်၏။ သူ တားလိုက်သည်။ စောင့်သာကြည့်ပေးဟု မှာ၏။ ပြီးတော့ စိတ်ငြိမ်ဆေး တစ်လုံး၊ ဝမ်းထိန်းဆေး တစ်လုံး သောက်ကာ အိပ်ပျော်သွား၏။

☠

နံနက် လေးနာရီတွင် လန့်နိုး၏။ အန်ချင်လွန်းလှသည်။ ရင်ထဲမှ အော်ဂလီဆန်နေသည်။ အိမ်သာသို့ ဖင်တွန်း သွားရသည်။ ဝေါခနဲ အန်ချလိုက်သည်။ သွေးတွေ။ အကြောက်လွန်သွားသော သူ့မိန်းမသည် အရေးပေါ် လူနာတင်ကားခေါ်၍ သူ့ကို ဆေးရုံပို့တော့သည်။ သူ ငြင်းရန် အားမရှိတော့။ ဘဝတစ်သက်တာလုံး တစ်ခါမှ မခံစားဖူးသော ဝေဒနာဆိုးကြီးကို သေလု မြောပါး ခံစားနေရသည်။

☠

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၁ )

## ဇန်နဝါရီ ၂၀ ရက်နေ့

တစ်စုံတစ်ခုက မာရီဆာ ဘလူမင်သော်ကို အနှောင့်အယှက် ပြုနေသည်။ ထိုအနှောင့်အယှက်သည် သူ့ခန္ဓာကိုယ်အတွင်းက လာသည်လော၊ အပြင်ဘက်ကလော ဆိုခြင်းကို သူ မသိပါလေတော့။ အာရုံ စူးစိုက်နိုင်စွမ်းလည်း သူ့မှာ မရှိတော့။ လက်ထဲမှ စာအုပ်ကို ချလိုက်ချိန်မှာတော့ ပြတင်းပေါက်မှတစ်ဆင့် ဝင်လာသော အလင်းရောင်က အားနည်းလှပြီ။ နာရီကို ကြည့်လိုက်သည်။ ည ၇ နာရီ ထိုးလုပြီကော။

''ဘုရား- အနိစ္စ''

ငယ်ငယ်တုန်းက ယောင်နေကျအတိုင်း သူ ယောင်လိုက်သည်။ လူးလဲထလိုက်သည့် အချိန်မှာ အနည်းငယ် မူးဝေသွား၏။ ဗဟိုရောဂါထိန်းချုပ်ရေးဌာန (ဗ-ရ-ဌ) စာကြည့်တိုက်ထောင့်ရှိ ဆိုဖာကုလားထိုင်ပေါ်တွင် ခွေခေါက်ပြီး ထိုင်နေသည့် အချိန်က ကြာလှပြီကိုး။ ညနေပိုင်း ချိန်းဆိုမှုတစ်ခု ရှိသည့်အတွက် အိမ်ကို ခြောက်နာရီခွဲ ပြန်ဖို့ သေသေချာချာ စီစဉ်ထားခဲ့ခါမှ။

ဟာက်ဖ်တင်းဖီးလ်၏ ဗိုင်းရပ်စ်ဗေဒကျမ်းကြီးကို စာအုပ်စင်ပေါ် ပြန်တင်လိုက်ပြီး တောင့်တင်းနေသော ခြေသလုံး ကြွက်သားများကို အညောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ဆန့်လိုက်သည်။ မနက်က ပြေးနေကျအတိုင်း လေးမိုင် မပြေးနိုင်ခဲ့။ တစ်ဝက် ခန့်သာ ပြေးပြီး ပြန်လှည့်ခဲ့ရသည်။

"ကလေးမလေး၊ အဲဒီ ပြီတ္တာလောက် လေးတဲ့ စာအုပ်ကြီးကို စာအုပ်စင်ပေါ် ပြန်တင်ပေးရမလား"

အမေလို ခင်နေသည့် စာကြည့်တိုက်မှူး မစ္စစ်ကမ်းဘဲလ်က ဝင်နှောက် နေ၏။ သူ ပြောတာလည်း မမှားလှ။

မိုင်းရပ်စ်ဗေဒကျမ်းမှာ အရပ် ငါးပေ၊ ကိုယ်အလေးချိန် ပေါင် တစ်ရာ သာ ရှိသည့် မာရီဆာ၏ ဆယ်ပုံ တစ်ပုံ၊ ဆယ်ပေါင်ခန့် လေး၏။ သူက မစ္စစ်ကမ်းဘဲလ်ကို ပြုံးပြရင်း–

"ဒီစာအုပ်နဲ့ ပတ်သက်လို့ ကူညီချင်တယ်ဆိုရင် ဒီကျမ်းထဲက စာတွေ သမီးခေါင်းထဲ ရောက်အောင်သာ ကူညီပေးပါရှင့်"

ဟု ပြောလိုက်၏။

မစ္စစ်ကမ်းဘဲလ်က တစ်ကိုယ်လုံး လှုပ်ခါ၍ တသိမ့်သိမ့် ရယ်နေ၏။ ဗ–ရ–၄ မှ လူများအားလုံးလိုလိုပင် သဘောကောင်းကြသည်။ ဖွေးထွေး ပျူငှာ ကြသည်။

ဗ–ရ–၄ သည် ၁၉၇၃ ခုနှစ်ကတည်းက ဖက်ဒရယ် အေဂျင်စီတစ်ခု ဖြစ်နေခဲ့သော်လည်း သူမအတွက် သည်အဖွဲ့အစည်းကြီးသည် ဖက်ဒရယ် အေဂျင်စီ တစ်ခုနှင့် မတူ၊ ပျော်စရာကောင်းသော ကျောင်းကြီးနှင့်တူသည်ဟု မာရီဆာ ထင်မိသည်။ အလုပ်လုပ်၍ အင်မတန်ကောင်းလှသည်။ ငွေအတွက်၊ ဂုဏ် အတွက် အလုပ်လုပ်နေသူ ဗ–ရ–၄ မှာ မရှိ။ လုပ်သင့်လုပ်ထိုက်တာတွေ ကို စိတ်ပါဝင်စားမှု အားကြီးလှစွာ ပျော်ပျော်ကြီး လုပ်နေသူတွေသာ ရှိ၏။

မာရီဆာသည် စာကြည့်တိုက်ဟု ခေါ်တွင်သော စာအုပ်ပုံကြီးထဲမှ ထွက်လာခဲ့သည်။ ဘက်ဂျက်အခြေအနေအရ အခန်း မချဲ့နိုင်သဖြင့် စာကြည့်တိုက် မဟုတ်ဘဲ စာပုံတိုက် ဖြစ်နေသည်။ အပေါ်ထပ်ရှိ သူမ ရုံးခန်းသို့ ရိုးရိုး လှေကားဖြင့် တက်သွားသည်။ ရုံးခန်း ဆိုခြင်းထက် လှောင်အိမ်ဟု ပြောလျှင် ပိုမှန်မည်။ ပြတင်းပေါက်မဲ့ စတိုခန်းကျဉ်းကလေးထဲတွင် သံမဏိစားပွဲ၊ ထိုင်ခုံ နှင့် ရုံးသုံးပစ္စည်းများ ရှိခြင်းကြောင့်သာ ဘုရားစူး၊ မိုးကြိုးပစ် ရုံးခန်းဟု သမုတ်ရခြင်း ဖြစ်၏။ ဗ–ရ–၄ မှာ နေရာကျယ်ကျယ်ရဖို့ ဆိုခြင်းသည် လူ့ပြည်က အပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်က အပ်တစ်စင်း ထိခြင်းထက်ပင် ခက်လိမ့်ဦးမည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

သို့သော် မာရီဆာကတော့ သူ၏ ဗ-ရ-ဠ အတွက် ဂုဏ်ယူသည်။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွင် ဗ-ရ-ဠ ၏ ဂုဏ်သတင်းက နိုင်ငံသာမက ကမ္ဘာပင်ကျော်သည် မဟုတ်လား။

အမေရိကန် စစ်ပြန်ရောဂါ (Legionnaires Disease) ဆိုသောရောဂါဆိုးကြီးကို သူတို့ ဗ-ရ-ဠ ကိုင်တွယ် ဖြေရှင်းပုံကို သူ အခုထိ မှတ်မိနေသေးသည်။

ဗ-ရ-ဠ သည် ၁၉၄၂ ခုနှစ်က အမေရိကန်တောင်ပိုင်းကို ကျူးကျော်စော်ကားစွာ ဝင်ရောက်လာသော ငှက်ဖျားကို ရင်ဆိုင်ရင်း အစပြုခဲ့သည်။ ၁၉၄၆ ခုနှစ်တွင်တော့ ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာန (က ရ ဌ) ဟူသောအမည်ဖြင့် မြင်ပြင်းကတ်စရာ ပိုးမွှားမျိုးစုံအတွက် ဓာတ်ခွဲခန်းအသီးသီး ဖွင့်လှစ်နိုင်ခဲ့သည်။ နောက်တော့ တိရစ္ဆာန်မှတစ်ဆင့် လူကိုကူးသောရောဂါများ ဖြစ်သည့် ပလိပ်၊ ခွေးရူးနှင့် ထောင့်သန်းလို ရောဂါများကိုလည်း ကိုင်တွယ်ခဲ့ရသည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ ဗ-ရ-ဠ ဟု အမည်ပြောင်းခဲ့သည်။

မာရီဆာသည် လက်ဆွဲအိတ်ထဲသို့ စာရွက်စာတမ်းအချို့ကို ထည့်ရင်း ဗ-ရ-ဠ ၏ အတိတ်က ဆောင်းခဲ့သော ရွှေထီးများကို ပြန်လည်တမ်းတနေ၏။ ထိုရွှေထီးများ၏ လင်းလှ လက်လှသော အရှိန်အဝါက သူ့ကို ဗ-ရ-ဠ သို့ ခေါ်ဆောင်ခဲ့သည် မဟုတ်လော။

ဘော့စတွန်ရှိ ကလေးဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ကူးစက်ရောဂါကို စိတ်ပါဝင်စားလာသော မာရီဆာသည် ကူးစက်ရောဂါစောင့်ကြည့်ရေးဌာနတွင် ရောဂါစုံထောက်ကြီးအဖြစ် နှစ်နှစ် အမှုထမ်းကာ ပညာတော်သင်ခဲ့သည်။ ပြီးခဲ့သည့် သုံးပတ်ခွဲ၊ ခရစ္စမတ်မတိုင်မီကမှ သူ၏ ပညာတော်သင်ဘဝ ပြီးဆုံးခဲ့သည်။ ပညာရပ်ဆိုင်ရာ တစ်ခန်းတစ်ကဏ္ဍကို သူကိုယ်တိုင် စတင် ဖွင့်လှစ်ရတော့မည်။

ပြည်သူ့ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲခြင်းပညာ၊ ဆေးပညာဆိုင်ရာ အဆင့်မြင့် စာရင်းအင်းပညာနှင့် ကူးစက်ရောဂါ ထိန်းချုပ်ရေးပညာတို့ကို သူ တတ်မြောက်ခဲ့ပြီ။

နက်ပြာရောင် အပေါ်ဝတ် ကုတ်အင်္ကျီကြီးကို ဝတ်ဆင်နေစဉ် သူ့မျက်နှာမှာ အသိရခက်သော အပြုံးတစ်ခု ပေါ်လာ၏။ စာတွေ့သာ သိသော သူ၊ ငါတွေ့ကို ဘယ်လို ရင်ဆိုင်ရမည်နည်း။ ရင်ဆိုင်ဖို့ အင်အားကော ရှိပါရဲ့လား။

mgyoe.com

mgyoe.com SAMPLE BOOK

စာသင်ခန်း ဆိုသော လေးဖက်ပတ်ရံ အုတ်နံရံတွင်း အခန်းကျဉ်းကလေးထဲမှာ သင်လိုက်သော ပညာတို့သည် အာကာသ လောကထဲတွင် မာယာအမျိုးမျိုးဖြင့် စောင့်စားလျက်ရှိသော ကျန်းမာရေးပြဿနာ အသချေ အနန္တကို လက်တွေ့ ဖြေရှင်းဖို့ လုံလောက်ပါရဲ့လား။

ကပ်ရောဂါတစ်ခုအတွက် ဖြစ်ရသည့်အကြောင်းကို ရှာဖို့ အရေးကြီး၏။ ကပ်ရောဂါ ဖြစ်စေသော လက်သည်တရားခံ၊ ဘယ်ပုံဘယ်နည်း ကူးစက်တတ်သော အကြောင်းရင်းနှင့် ဘယ်သူတွေက ရောဂါကို လက်ခံသလဲ ဆိုတာကို ခြုံငုံသုံးသပ်ဆုံးဖြတ်ပြီးမှ ပိုင်ပိုင်နိုင်နိုင် ကုသကာကွယ် ထိန်းချုပ်ရမတဲ့။

ပြောတော့လည်း လွယ်လိုက်တာ။ တကယ့် ကပ်ရောဂါကြီး တစ်ခုနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့ရလျှင် ဘယ်လိုများ နေမည်နည်း။

☠

လက်ဆွဲအိတ်ကိုဆွဲ၊ အခန်းမီးတွေကိုပိတ်ပြီး ဓာတ်လှေကားရှိရာသို့ မာရီဆာ လျှောက်လှမ်းလာခဲ့သည်။ သူတို့ သင်တန်းကို လူပေါင်း လေးဆယ့်ရှစ်ယောက် တက်ရောက်ခဲ့သည်။ အများစုမှာ ဆရာဝန်များ ဖြစ်သည်။ အဏုဇီဝဗေဒ ပညာရှင် အချို့၊ သူနာပြု အနည်းငယ်နှင့် ထူးထူးဆန်းဆန်း သွားဆရာဝန် တစ်ယောက်လည်း ပါ၏။ သူတို့အားလုံးလည်း ခု သူ ဖြစ်နေသလို ပညာရပ်အပေါ် တိတ်တခိုးများ မယုံမရဲ ဖြစ်နေကြမည်လား။

သူတို့ ဆေးပညာလောကတွင် အခုလို ကိစ္စမျိုးကို လူသိရှင်ကြား ပြောလေ့ မရှိ၊ သိက္ခာကျသည်၊ ရိုးလ်အောက်သည်ဟု အများညီ ဤကို ကျွဲဖတ် ထားကြသည်။

သင်တန်းပြီးတော့ မာရီဆာသည် ဗ-ရ-ဌ ၏ ဗိုင်းရပ်စ် ပိုးမွှားဗေဒ အထူးရောဂါပိုးများ ရှာဖွေနှိမ်နင်းရေးဌာနတွင် တာဝန်ကျ၏။ သူ လိုလိုချင်ချင် တောင်းဆိုခဲ့သည့် ဌာနလည်း ဖြစ်သည်။ သူ တောင်းသည့်အတိုင်းလည်း ရ၏။ သင်တန်းတွင် ပထမ စွဲခဲ့ခြင်းကလည်း တောင်းတိုင်းရသည့် အကြောင်းရင်း တစ်ခု ဖြစ်ပေလိမ့်မည်။ သူ့မှာ ဗိုင်းရပ်စ်နှင့် ပတ်သက်သည့် အခြေခံ သိပ်မရှိလှသည့်အတွက်လည်း မာရီဆာ တစ်ယောက် စာကြည့်တိုက်နှင့် နှစ်ပါးသွား နေရခြင်း ဖြစ်သည်။ ဗိုင်းရပ်စ်ကို ဘာဇာကြောင့် စိတ်ဝင်စားသနည်း။

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုင်းရပ်စ်တွင် သုတေသနလုပ်စရာ ကွက်လပ် အကြီးကြီး ရှိနေသည်ဟု သူ ခံယူထား၏။ လက်ရှိ အေ့ဒ်စ်ရောဂါကြောင့်လည်း ဗိုင်းရပ်စ်သည် အစဉ်အဆက် သူ့ရှေ့တွင်ရှိသော ဗက်တီးရီးယားကို ခုန်ပျံကျော်လွှား၍ ရှေ့တန်းရောက်လာခဲ့သည်။ မာရီဆာသည် ထိုဗိုင်းရပ်စ်၊ အနီ ဗိုင်းရပ်စ်နှင့် လူသားတို့ ဘယ်အချိန်အထိ တိုက်ရမှန်း မသိသည့် ကာလရှည်တိုက်ပွဲကြီးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်လို၏။

ဓာတ်လှေကားစောင့်နေသူများကို သူ နှုတ်ဆက်သည်။ အများစုမှာ ဗိုင်းရပ်စ်ဗေဒဌာနမှ သူ့ လုပ်ဖော်ကိုင်ဖက်များ ဖြစ်သည်။ အချို့ကိုတော့ သူ မသိ။

လက်မှတ်ထိုး၍ ဗ-ရ-ဌ ဗဟိုအဆောက်အအုံမှ သူ ထွက်ခဲ့သည်။ ကားပက်ကင်သို့ ခပ်မှန်မှန် လျှောက်လာခဲ့သည်။ ဆောင်းတွင်းသာ ဆိုသည်၊ အတ္တလန်တာက သူတို့ ဘော့စတွန်နှင့် တခြားစီ၊ သူ့အဖို့ အေးဆေး၊ ကုတ်အင်္ကျီ ကြယ်သီးစေ့ တပ်ရလောက်အောင်ပင် မအေး။

ဖုန်တသောသောဖြင့် ညစ်ပတ် စုတ်ပြတ်နေသော သူ၏ အနီရောင် ဟွန်ဒါ ပရီလုဒ် ပြိုင်ကားကလေးကို မောင်းထွက်လာခဲ့သည်၊ မက်ဆာချူးဆက် လိုင်စင် တံဆိပ်ပြားပင် မလဲရသေး။ လဲဖို့ အချိန်လည်း မရသေး။

မာရီဆာ ငှားနေသောအိမ်နှင့် ဗ-ရ-ဌ မှာ အနီးကလေး။ ခဏသာ မောင်းလိုက်ရသည်။ တိတ်ဆိတ်ငြိမ်သက်သော အီမော်ရီတက္ကသိုလ် ပရဝဏ်အနီး ဖြစ်သောကြောင့် နေလို့ ထိုင်လို့ ကောင်းလှသည်။ အိမ်ပိုင်ရှင် ဆရာဝန် လင်မယားက မာလီတွင် သားဆက်ခြားစီမံကိန်း တာဝန်ထမ်းဆောင်နေကြသည်ဟု ဆို၏။

အိမ်က သစ်သား နှစ်ထပ်အိမ်။ ကောင်းစွာ ပြုပြင် ထိန်းသိမ်းထား၏။ ချစ်စရာ ပြတင်းပေါက်ကလေးတွေ ရှိ၏။ မာရီဆာမှာ သူ့မိဘတွေကို အိမ်အကြောင်း စာရေးကြွားရသည်မှာ အမော။

ညဘက် သွားစရာ ရှိသေး၍ ကားကို ဂိုဒေါင်ထဲ မထည့်သေး။ အိမ်နောက်ဖေးပေါက်မှ အသာလေး လှည့်ဝင်ခဲ့သည်။ ကလေးဆေးရုံမှ အပေါင်းအသင်း တစ်ယောက် ပေးလိုက်သည့် သူ့အချစ်တော် စပင်နီယယ် ခွေးကလေးကို လှည့်စား၍ မရ။ သူ့ကို ဟောင်ပြီး နှုတ်ဆက်နေသည်။

မာရီဆာမှာ ဘယ်တုန်းကမှ ခွေးမွေးဖို့ စိတ်မကူးဖူး။ သို့သော်လည်း ဖြစ်ချင်တော့ တစ်သက်မခွဲ ရွှေလက်တွဲဖို့ ကြံစည်ခဲ့သည့် သူ့အချစ်ဓာတ်လမ်း

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခန်းရပ်သွားခဲ့သည်။ ဦးနှောက်ခွဲစိတ်ဆရာဝန် ရော်ဂျာရှော့်မန်း၊ အချစ်ကြီး ချစ်ခဲ့ရသူ။ ရော်ဂျာက ရုတ်တရက် ကယ်လီဖိုးနီးယားတက္ကသိုလ် ပညာသင် ဆုကို သူ လက်ခံလိုက်ပြီဟု မာရီဆာကို ဖွင့်ပြောသည်။ အစက သူတို့ စီစဉ် ထားခဲ့သည်က ရော်ဂျာ ဘယ်သွားသွား မာရီဆာ လိုက်မည်။ ဆန်ဖရန်စစ္စကို သို့မဟုတ် ဟူစတန်တွင် အခြေချကြမည်။ သို့သော် ကယ်လီဖိုးနီးယားတက္ကသိုလ် အကြောင်း သူ့ကို ဘယ်တုန်းကမှ ရော်ဂျာ မပြောဖူးခဲ့။

အစ်ကို သုံးယောက်နှင့် ဦးနှောက်ခွဲစိတ်အထူးကုဆရာဝန် အေးစက်စက် ဖခင်တို့၏ အငယ်ဆုံးညီမလေး၊ သမီးလေး မာရီဆာမှာ သူ့ကိုယ်သူ ယုံကြည်မှု သိပ်မရှိလှ။ သည်လိုနဲ့ပဲ ရော်ဂျာနှင့် ခွာပြဲခဲ့သည်။ အပြင်းအထန် ခံစားခဲ့ရသည်။ သူ့စိတ်ဝေဒနာကို မကြည့်ရက်သည့် သူငယ်ချင်း နန်စီက သည် စပင်နီယယ် ခွေးကလေးကို လက်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။ အစကတော့ သည်ခွေးကို မာရီဆာ နည်းနည်းမှ ကြည့်မရ။ နောက်တော့လည်း တပ်ဖီမှာ သူ့အချစ်ဆုံး အသည်းတုံး ဖြစ်လာခဲ့ရသည်။

အလုပ်သွားလျှင် သူ စိတ်အပူဆုံးမှာ သူ့ခွေး တစ်ခုခုဖြစ်မှာ၊ အစာငတ်၊ ရေငတ် ဖြစ်မှာကိုပင်။ အိမ်နီးနားချင်း ဂျက်ဆင် လင်မယားက ခွေးချစ်တတ် သောကြောင့် တပ်ဖို့ ပြဿနာ ပြေလည်သွား၏။

အိမ်ထဲဝင်၊ ခွေးနှင့် အနည်းငယ် ပရောပရီ လုပ်ပြီးနောက် မာရီဆာ ခပ်သုတ်သုတ် ပြင်ဆင်၏။ ညရှစ်နာရီတွင် ညစာ စားရန် ချိန်းထားသည်။ ဖိတ်ကြားသူက အောင်မြင်သည့် မျက်စိအထူးကုဆရာဝန် ရပ်ဖ်ဟက်စတန်၊ ရပ်ဖ်သည် ရော်ဂျာကြောင့် ဒဏ်ရာရနေသော မာရီဆာ၏ နှလုံးသားကို ကုစား ရန် ဖွဲ့နှပဲဖြင့် ကြိုးစားနေသူ၊ ညစာ၊ ပြဇာတ်၊ ရုပ်ရှင် သူတို့နှစ်ယောက် အကြိမ်ကြိမ် ရောက်ပြီးပြီ။ တစ်ခါမှ အိပ်ရာထဲ ခေါ်သွင်းဖို့ မကြိုးစား။

သည်နေ့တော့ ပထမဆုံး အကြိမ်အဖြစ် သူ့အိမ်တွင် ညစာစားရန် ဖိတ်သည်။ သို့သော် ပါတီပွဲ ကျင်းပခြင်းမျိုး ဖြစ်၏။ သူတို့ နှစ်ယောက်တည်း မဟုတ်။

မာရီဆာကလည်း ရင့်ကျက်သော၊ လူကြီးလူကောင်း ပီသသော ရပ်ဖ် ကို လေးစားပါသည်။ အသက်ကလည်း ၂၂ နှစ်တောင် ကွာသကိုး။ သူက ၃၁ နှစ်၊ ရပ်ဖ်က ၅၃ နှစ်။

mgyoe.com

mgyoe.com SAMPLE BOOK

မာရီဆာသည် အတ္တလန်တာ ရောက်ပြီးမှ တစ်ခါသာ အတွဲထားဖူးသည်။ သူ့ထက် လေးနှစ်ငယ်သော အဏုဇီဝဗေဒ ပါရဂူဘွဲ့ရ တက်ဒ်ရှော်ကလေဆိုသူနှင့်။ ဗ-ရ-ဌ တွင် သူနှင့် ဌာနတစ်ခုတည်း အလုပ်လုပ်နေသူ။ စကားနည်းသူ၊ အလွန်အမင်း ရှက်တတ်သူ။ သူတို့ ခြောက်ခါလောက် တွေ့ပြီးခဲ့ကြပြီ။ အမြဲတမ်း ရိုးရိုးသားသား ချိန်းတွေ့ခြင်းမျှသာပါ။

ရေအမြန်ချိုးသည်။ မိတ်ကပ် အမြန်လိမ်းသည်။ ပိုးသားရှပ်အင်္ကျီနှင့်ဆွယ်တာ ဝတ်သည်။ ဒေါက်မြင့်ဖိနပ် စီးသည်။ မှန်ကြည့်သည်။ မဆိုးဘူး၊ လှသားပဲ။ သူ ကျေနပ်သွားသည်။

ရပ်ဖ်၏အိမ်သို့ ရောက်ရန် ငါးမိနစ်မျှသာ ကားမောင်းလိုက်ရသည်။ ဗစ်တိုးရီးယားစတိုင်လ် ရှစ်ထောင့် မျှော်စင်တစ်ခုပါသော သုံးထပ်အိမ်ကြီးမှာ တစ်အိမ်လုံး ဖိတ်ဖိတ်တောက်နေသည်။ သူ့ထုံးစံအတိုင်း အိမ်နောက်ဘက်သို့ လှည့်သွားပြီး တံခါး အသာလေး ခေါက်လိုက်သည်။ ဘယ်သူမှ ကြားပုံမရ။ မီးဖိုခန်းထဲမှာ အလုပ်များနေကြသည်။ မတတ်နိုင်၊ ရှေ့ပေါက်မှ ဘဲလ်ကို တီးလိုက်ရသည်။

ရပ်ဖ်ကိုယ်တိုင် လာဖွင့်ပေးသည်။ ဖက်လဲတကင်း နှုတ်ဆက်သည်။

"စောစော..ဘတာ သိပ်ကျေးဇူးတင်တာပဲ"

ရပ်ဖ်က ပြောလိုက်၏။

"ဘယ့်နှယ် စောရမလဲ၊ ကျွန်မက နောက်ကျနေပြီ ထင်တာ"

"ဧည့်သည်တွေက ရှစ်နာရီခွဲမှ လာမှာလေ"

ရပ်ဖ်ကို ဒေါကောင်းစား တက်ဆူဒို ပွဲတက်ဝတ်စုံဖြင့် တွေ့ရသဖြင့် အံ့အားသင့်မိသည်။

"ကျွန်မက ဒီအတိုင်း ပါတီပေးတယ် အောက်မေ့လို့ ဖြစ်သလို ဝတ်လာခဲ့မိတာ"

"ရပါတယ် မာရီဆာရယ်၊ မင်းက ဘာဝတ်ဝတ် လှပါတယ်"

☠

မာရီဆာ အနည်းငယ် အံ့သြသွား၏။ ရပ်ဖ်က သူ့ကို အိမ်ရှင်မအနေဖြင့် ဧည့်သည်တွေကို ဧည့်ခံစေချင်သည် ဆိုပဲ။ ရပ်ဖ်နှင့်သူ အလွန်ဆုံး ငါးကြိမ်၊ ခြောက်ကြိမ်လောက်သာ အပြင်ထွက်လည်ဖူးသေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အို- သည်ယုန်မြင်လို့ သည်ချုံထွင်တာပဲ ဥစ္စာကို။ သူ လက်ခံလိုက်သည်။

တံခါး ဘဲလ်သံ မြည်လာပြီ။ ပထမဆုံး ဧည့်သည်တွေ ရောက်လာပြီ။ မာရီဆာသည် လူတွေ၏ အမည်များအပေါ် မှတ်ဉာဏ်အားနည်း၏။ သို့သော် ဒေါက်တာယားဝပ်တို့ လင်မယားကို သူ ချက်ချင်း သိသည်။ ပြီးတော့ ဒေါက်တာ ဂျက်ဆင်တို့ စုံတွဲ။ ဂျက်ဆင်ကတော် ဆွဲထားသည့် စိန်ဆွဲသီးကြီးက ဝေါက်သီးလုံးလောက် ရှိသည်။ ပြီးတော့ စိတ်ကုဆရာဝန် ဒေါက်တာဆန်းဘတ်ခ်တို့ အတွဲ။ သူ သိတာ ဒါပဲ။ ကျန်သောသူများကို သူ မသိ။

သူ သိတာ တစ်ခုကတော့ အခု လာသောသူများသည် ထိတ်ထိတ်ကြဲ ဆိုသည့် ဆရာဝန်ကြီးများ ဖြစ်ခြင်းပင်။ တောမြို့ကလေးက ဂျီပီ အစုတ်အပြတ် တစ်ယောက်မှ မပါ။

ဘဲလ်တီးပြန်ပြီ။

မာရီဆာ တံခါးသွားဖွင့်လိုက်သည်။

သူ ပါးစပ် ဟသွားသည်။

ဒေါက်တာ ဆိုင်ရေးဒပ်ချက်။

ဗ-ရ-ဌ မိုင်းရပ်စ်ဗေဒမှ အထူးရောဂါပိုးမွှားများဆိုင်ရာ ဌာနမှူး။ သူ၏ ဘော့စ်ကိုယ်တိုင်ပါလား။

''ဟယ်လို၊ ဒေါက်တာ ဘလူမင်သော်''

ဒေါက်တာဒပ်ချက်က သူ့ကို ပေါ့ပေါ့ပါးပါး နှုတ်ဆက်သွား၏။ မာရီဆာကတော့ သိပ်မပေါ့ပါး။ ဒီဧည့်ခံပွဲမှာ ဗ-ရ-ဌ က ဘယ်သူ့ကိုမှ သူ မျှော်လင့်မထား။ ဒပ်ချက်က အပေါ်ဝတ်ကုတ်အင်္ကျီကြီးကို ချွတ်လိုက်သည်။ အတွင်းမှ တန်ဖိုးကြီး နက်ပြာရောင် အီတာလျံဝတ်စုံကို သပ်ရပ် သားနားစွာ ဝတ်ထားသည်။ သူ၏ ကျောက်မီးသွေးရောင် မျက်ဝန်းများ၊ သံလွင်ရောင် အသားအရေနှင့်တော့ လိုက်ပ့်။ ဒေါက်တာဒပ်ချက်သည် အရစ်စတိုတယ် အလား ခံ့ညားလှသည့် လူကြီး တစ်ဦး ဖြစ်သည်။

''တို့ ပြန်တွေ့ကြပြန်ပြီနော်''

မာရီဆာသည် မရဲတရဲ ပြန်ပြောလိုက်သည်။

''ဟုတ်ကဲ့ပါရှင့်၊ ဘားခန်းက ဟိုဘက်မှာပါ ဆရာ''

''ရပ်ဖ် ဘယ်မတုံး''

mgyoe.com

mgyoe.com

"မီးဖိုခန်းထဲမှာ ထင်တယ် ဆရာ"

ဒပ်ချက် အိမ်ထဲ ဝင်သွားတော့ တံခါးဘဲလ် မြည်လာပြန်သည်။

သည်တစ်ခါတော့ မာရီဆာတစ်ယောက် ပါးစပ်ဟရုံမက စိတ်ပါ ညစ်သွား၏။ သူ့ရှေ့မှာ ရပ်နေသူက တက်ဒ်ရှော်ကလေ။

တက်ဒ်ကလည်း အံ့သြနေသည်။

"မာရီဆာပါလား၊ ဘယ်လိုလုပ် ရောက်နေတာလဲ"

"တက်ဒ်ကကော ဒေါက်တာဟက်စတန်နဲ့ ဘယ်လိုလုပ် သိတာလဲ"

"အစည်းအဝေးတွေမှာ တွေ့ဖူးတာပါ။ ဖိတ်စာရလို့တောင် အံ့သြမိသေးတယ်။ ဒါပေမဲ့ ဒီလို စားပွဲမျိုး ကျွန်တော့်လစာနဲ့ ဝယ်မစားနိုင်တော့လည်း ဘာပဲဖြစ်ဖြစ် လာရတာပေါ့။ အလကားကြိတ်ရ နည်းလားလို့"

တက်ဒ် အပြောကြောင့် မာရီဆာ ရယ်ချင်သွားသည်။ ပြီးတော့ တက်ဒ်ကို သတင်းပေးလိုက်သည်။

"ဒေါက်တာဒပ်ချက်လည်း ရောက်နေတယ်"

တက်ဒ်ကတော့ ဘာမှ ထူးထူးခြားခြား ဖြစ်ပုံမရ။ အိမ်ကို လှည့်ပတ်ကြည့်ရင်း 'အတော်ကောင်းတဲ့အိမ်ပဲ' ဟု ရေရွတ်နေသည်။

မာရီဆာမှာ ငွေရောင်ဆံပင် တလက်လက်ဖြင့် ကော်ဂျူရိုင်းဝတ်စုံဝတ်ထားသော တက်ဒ်ကို ငေးကြည့်နေမိသည်။ သူ တအားငယ်သေးတာပဲ။ ပါရဂူဘွဲ့ရ ဆိုတာ ယုံနိုင်စရာတောင် မရှိဘူး။

တက်ဒ်သည် ရုတ်တရက် သတိရသွားဟန်ဖြင့်-

"နေပါဦး၊ မာရီဆာကကော ဒေါက်တာဟက်စတန်နဲ့ ဘယ်လိုလုပ် သိလဲ"

ဟု ပြန်မေးလိုက်သည်။

"ဩော်... တို့က မိတ်ဆွေတွေပါ"

မာရီဆာက ပြီးပြီးရော ဖြေရင်း တက်ဒ်ကို ဧည့်ခန်းထဲ ပို့လိုက်သည်။ ဧည့်သည်အားလုံး ရောက်သောအခါမှ မာရီဆာတစ်ယောက် အိမ်ရှေ့တံခါးက ခွာရတော့သည်။ ဘားသို့ သွားပြီး ဝိုင်ဖြူတစ်ခွက် အမောပြေသောက်သည်။

ပြီးတော့ ဒေါက်တာဆန်းဘတ်ခ်၊ ဒေါက်တာဂျက်ဆင်တို့နှင့် စကား လက်ဆုံကျနေသည်။

mgyoe.com

''ခင်ဗျား အတော်ငယ်သေးတာပဲနော်၊ အတွေ့လန့်တာက ကြီးဆိုပါတယ်ဗျာ''

ဒေါက်တာဆန်းဘတ်ခ်က ပြောလိုက်သည်။

''ကျေးဇူးတင်ပါတယ် ဆရာ''

မာရီဆာက အလိုက်သင့် ပြန်ပြောရင်း ဂျက်ဆင်ကတော်၏ စိန်ဆွဲသီးကြီးကို မကြည့်မိအောင် သတိထားနေရသည်။

''ဒါနဲ့ ဗ-ရ-၅ ကို ဘယ်လို ရောက်လာတာလဲ''

ဒေါက်တာဂျက်ဆင်က ဝင်မေးလိုက်သည်။ သူ့အသံက ဆွဲဆောင်မှုရှိလှသည်။ လိုဏ်သံပါသည်။ ချာလ်တန် ဟက်စတန်လို အသံမျိုး၊ ရုပ်ချင်းလည်း အတော်တူပါသည်။

ဒေါက်တာဂျက်ဆင်၏ ရိုးသားသောအမေးကို ဘယ်လို ပြန်ဖြေရရင် ကောင်းမလဲ။ ကျွန်မ ရည်းစား ပစ်သွားလို့ အသည်းကွဲပြီး ရောက်လာတာလို့ ပြန်ဖြေလို့တော့ ဘယ်ဖြစ်လိမ့်မလဲ။

''ပြည်သူ့ကျန်းမာရေး ဘာသာရပ်ကို ကျွန်မ အမြဲတမ်း စိတ်ဝင်စားခဲ့တာပါ ဆရာ။ အဲဒီအထဲကမှ ရောဂါစုံထောက်လုပ် ဖို့ စိတ်အဝင်စားဆုံးပဲ။ အမြဲ နှာရည်ယို၊ နားပြည်ယိုနေတဲ့ ကလေးလူနာတွေ ကြည့်ရတာ စိတ်ညစ်လာတာလည်း ပါတာပေါ့''

ကောင်းသည်။ အနည်းဆုံးတော့ သူ့အဖြေထဲမှာ မုသား မပါ။

''ဪ- အရင်က ကလေးဆရာဝန်ပေါ့နော်''

ဒေါက်တာဆန်းဘတ်ခ်က ရေရွတ်လိုက်သည်။

''ဟုတ်ကဲ့၊ ဘော့စတွန် ကလေးဆေးရုံမှာပါ ဆရာ''

မာရီဆာ တဖြည်းဖြည်း စိတ်မသက်မသာ ဖြစ်လာသည်။ စိတ်ကုဆရာဝန် များရှေ့ ရောက်လျှင် ဘာကြောင့်မှန်း မသိ၊ သူ အဲဒီလို မအီမလည် ဖြစ်တတ်သည်။ ဘာဖြစ်လို့ ဆေးကျောင်းတက်ခဲ့တာလဲလို့ ဆက်မမေးလို့သာ တော်တော့သည်။ တကယ်တော့ တစ်မိသားစုလုံး ဆရာဝန် ဖြစ်နေသော အဖေနှင့် အစ်ကို သုံးယောက်ကို ပြိုင်သည့်အနေဖြင့် သူ ဆေးကျောင်းတက်ခဲ့မိခြင်း ဖြစ်နေသည်ကိုး။

''ကူသရေးကို ခင်ဗျား ဘယ်လို သဘောထားသလဲ၊ ဆေးကုတာကို စိတ်ဝင်စားရဲ့လား''

mgyoe.com

mgyoe.com

ဒေါက်တာဂျက်ဆင်က မေးပြန်သည်။

"ဟုတ်ကဲ့၊ စိတ်ဝင်စားပါတယ် ဆရာ"

မာရီဆာ အလိုက်သင့် ဖြေ၏။

"ဘယ်လို ကုသရေးလုပ်ငန်းမျိုးကို စိတ်ဝင်စားတာလဲဗျ"

ဒေါက်တာဂျက်ဆင်က အလိုက်ကန်းဆိုးမသိ ဆက်မေး၏။

"ကိုယ်ပိုင်ဆေးခန်းလား၊ အုပ်စုနဲ့ ကုတာကို စိတ်ဝင်စားတာလား"

မာရီဆာ စိတ်ညစ်လာပြီ။ ထိုစဉ်-

"ညစာ သုံးဆောင်ဖို့ ကြွကြပါ ခင်ဗျား"

ဆိုသည့် ရပ်ဖ်၏ အသံကြီးကို စိတ်ချမ်းမြေ့ဖွယ် ကြားလိုက်ရသည်။ မာရီဆာကို မေးခွန်းများဖြင့် နှိပ်စက်နေသော ဒေါက်တာ နှစ်ယောက်သည် သူတို့၏ ကြင်သူသက်ထား ဇနီးမယားများကို အသီးသီး အသက ရှာဖွေကြရသဖြင့် သူ့ကို မမေးနိုင်တော့။

စားပွဲတွင် နေရာယူကြတော့ ရပ်ဖ်က ဟိုဘက် ထိပ်စွန်းမှာ ထိုင်၍ မာရီဆာ့ကို သည်ဘက်ထိပ်စွန်းမှာ ထိုင်စေသည်။ မာရီဆာ့ညာဘက်မှာ ဒေါက်တာ ဂျက်ဆင်၊ ဘယ်ဘက်မှာ ခေါင်းဖြူ ဒေါက်တာဟေးဝပ်။

မာရီဆာသည် ကြာလေ ပိုသိလေ ဖြစ်လာသည်။ သူနှင့် အတူ ညစာ ထိုင်စားနေကြသူများမှာ အတွင်းလန်တာဆေးလောကမှ ထိတ်ထိတ်ကြဲ လူ့မလိုင် ဆရာဝန်ကြီးများ ဖြစ်ကြသည်။

အလွန့် အလွန် အောင်မြင်သော ဆရာဝန် သူဌေးကြီးများကြားဝယ် မာရီဆာ၊ ဒပ်ချက်နှင့် တက်ဒ်တို့ သုံးဦးသား ရောက်နေကြသည်။

ဝိုင်တွေ တစ်ခွက်ပြီး တစ်ခွက် သောက်မိပြီးချိန်ဝယ် မာရီဆာ သူ့ကိုယ်သူ သတိမထားမိလိုက်ဘဲ စကားတွေ ဖောင်ဖွဲ့လာသည်။ သတိထားမိချိန်မှာတော့ တစ်ဝိုင်းလုံးက သူ ကလေးဘဝက ဗာဂျီးနီးယားမှာ ကြီးပြင်းခဲ့သည့် ဇာတ်လမ်းကို နားထောင်နေကြသည်ကို တွေ့လိုက်ရသည်။

တော်တော့ မိမာရီဆာ၊ တောစကား တောမှာ ဖြတ်တော့၊ သူ အသာ လေး တိတ်ဆိတ်နေလိုက်စဉ်မှာပင် စကားဝိုင်းက ဦးတည်ချက် ပြောင်းသွားသည်။

သည်နေ့ခေတ် အမေရိကန် ကျန်းမာရေးစောင့်ရှောက်မှုမှာ ကြိုတင် ငွေပေး ကျန်းမာရေး အာမခံတွေ ကျယ်ပြန့်လာတဲ့အတွက် ကုသမှု အရည်အသွေး တွေ ကျဆင်းသွားကြောင်း အားတက်သရော ဆွေးနွေးနေကြသည်။

mgyoe.com

mgyoe.com

'ဒါပေမဲ့ အဲဒီ ကြိုတင်ငွေပေး ကျန်းမာရေး အာမခံတွေကြောင့် ရှင်တို့ အမျိုးသမီးတွေမှာ အဖိုးတန် သားမွေးအင်္ကျီတွေနဲ့ ကျောက်မျက်ရတနာ ပိုင်ဆိုင်မှု တွေတော့ တိုးလာတယ် မဟုတ်လား' ဟု မာရီဆာ တွေးနေမိသည်။

ဒေါက်တာဟေးဝပ်က ဒေါက်တာဆိုင်ရေးဒပ်ချက်ဘက်သို့ လှည့်လိုက်ပြီး-

''ခင်ဗျားတို့ ဗ-ရ-ဌ ကော ဘယ်လိုလဲဗျ၊ ဘတ်ဂျက် ပြဿနာ ရှိတုံးပဲလား''

ဟု မေးလိုက်သည်။

ဆိုင်ရေးက အားပါးတရ ရယ်လိုက်သည်။

''နှစ်တိုင်း နှစ်တိုင်း ဘဏ္ဍာရေးရုံးနဲ့ ကျွန်တော်တို့ တိုက်ပွဲဆင်ရသဗျ၊ ဘတ်ဂျက် ဖြတ်တောက်ခံရလို့ အလုပ်ပြုတ်တဲ့လူလည်း ငါးရာကျော်ပြီ''

ဒေါက်တာဂျက်ဆင်က လည်ချောင်းရှင်းလိုက်ပြီး-

''တကယ်လို့ ၁၉၁၇ ခုနှစ်က တုပ်ကွေးကပ်လိုမျိုး တစ်ကျော့ပြန် ဖြစ်ခဲ့မယ်ဆိုရင်၊ ခင်ဗျားဌာနဟာ အဲဒီ ကပ်ရောဂါ နှိမ်နင်းရေးမှာ အဓိကနေရာ က ပါရမယ် ဆိုရင် ခင်ဗျားမှာ လူအင်အား အလုံအလောက် ရှိရဲ့လား''

ဆိုင်ရေးက ခဏ စဉ်းစားလိုက်ပြီး-

''ဒါကတော့ အခြေအနေပေါ် မူတည်တယ်ဗျ။ ကပ်ရောဂါ ဖြစ်စေ တဲ့ ဗိုင်းရပ်စ်ဟာ ဘယ်လို အမျိုးအစားလဲ။ သန္ဓေပြောင်းလဲမှု ရှိလား၊ မကြာ ခဏ သန္ဓေပြောင်းတတ်သလား၊ ဒီအပေါ် မူတည်ပြီး ကာကွယ်ဆေး ထုတ်လုပ် နိုင်စွမ်းကို တွက်ချက်ရမယ်။ ဗိုင်းရပ်စ်ကြောင့် ဖြစ်တဲ့ ကပ်ရောဂါမှာ ကာကွယ် ဆေးကို ဘယ်လောက် မြန်မြန် ထုတ်လုပ်နိုင်မလဲ တက်ဒ်ရေ''

တက်ဒ်က ခပ်အေးအေးပင်။

''တစ်လလောက်ပါပဲ၊ ကံကောင်းရင်ပေါ့၊ ဒီထက် ကြာရင်လည်း ကြာမယ်'' ဟု အဖြေပေးလိုက်သည်။

မာရီဆာ၏ ပခုံးပေါ်သို့ လက်တစ်ဖက် ညင်သာစွာ လာတင်သည်။ လှည့်ကြည့်လိုက်တော့ အိမ်အကူမလေး။

''ဒေါက်တာ့အတွက် ဖုန်းလာနေပါတယ်ရှင့်''

မာရီဆာက ရပ်ဖ်ကို တစ်ချက်ကြည့်လိုက်သည်။ ရပ်ဖ်သည် ဂေါက်သီး စိန်ပိုင်ရှင် ဂျက်ဆင်ကတော်နှင့် စကားလက်ဆုံကျနေ၏။

mgyoe.com

မာရီဆာသည် အိမ်အကူမလေး ခေါ်ရာနောက်သို့ လိုက်သွားရင်း ရင်ခုန်သံမြန်စ ပြုလာသည်။ အလုပ်သင်ဆရာဝန်ဆင်းခဲ့ချိန်က ညဘက် အရေးပေါ် တယ်လီဖုန်းခေါ်သံများကို သတိရလာသည်။ အခုလည်း သည်ညအတွက် ဆက်သွယ်နိုင်ရန် ရပ်ဖ်အိမ်ဖုန်းနံပါတ်ကို ဗ-ရ-၄ သို့ ပေးခဲ့ကြောင်း သူ အမှတ်ရ၏။

ဖုန်းကိုင်လိုက်တော့ သူ ထင်သည့်အတိုင်း ဗ-ရ-၄ မှ ဖြစ်၏။

''ဟယ်လို ဒေါက်တာဘလူမင်သော်၊ အရေးပေါ် ကပ်ရောဂါ အကူအညီ တောင်းခံမှုတစ်ခု ရောက်လာပါတယ်။ ကယ်လီဖိုးနီးယားပြည်နယ် ကပ်ရောဂါဗေဒ ဆရာဝန်ကြီးက လော့စ်အိန်ဂျယ်လိစ်က ပြဿနာတစ်ခုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဗ-ရ-၄ ကို တရားဝင် အကူအညီတောင်းပါတယ်။ ရစ်ချ်တာဆေးခန်းလို့ ခေါ်တဲ့ ပုဂ္ဂလိက ဆေးရုံတစ်ရုံမှာ အင်မတန် ပြင်းထန်တဲ့၊ အကြောင်းရင်း မသိရသေးတဲ့ ကပ်ရောဂါတစ်ခု ဖြစ်နေတယ်တဲ့။ ခင်ဗျား အတွက် မနက် တစ်နာရီ ဆယ်မိနစ် ထွက်မယ့် ဒယ်လ်တာ လေကြောင်းကို ကျွန်တော်တို့ စီစဉ်ထားတယ်။ ဟိုရောက်ရင် အပူပိုင်းမိုတယ် ဆိုတာမှာ တည်းဖို့ ဘွတ်ကင် လုပ်ထားတယ်။ စီစဉ်စရာ ရှိတာ စီစဉ်ပါ၊ ကံကောင်းပါစေ''

မာရီဆာ ဖုန်းကို တော်တော်နှင့် လက်မလွှတ်နိုင်၊ စီစဉ်စရာ ရှိတာ စီစဉ်ပါ။ ကံကောင်းပါစေတဲ့။ ဘာကို စီစဉ်ရမှာလဲ။ ကယ်လီဖိုးနီးယားက လူတွေကတော့ ဗ-ရ-၄ က ဝါရင့်ကူးစက်ရောဂါပါရဂူကို မျှော်နေကြမှာပဲ။

သူတို့ အခု ဘာရသလဲ။

သင်တန်းဆင်းပြီးခါစ အရပ် ငါးပေသာသာ မာရီဆာ ဘလူမင်သော် ဆိုတဲ့ ဝါ အင်မတန်ရင့်တဲ့ ဆရာမကြီးလေ။

မတတ်နိုင်။

မာရီဆာသည် ထမင်းစားခန်းသို့ သွား၍ အကျိုးအကြောင်း ပြောကာ အားလုံးကို နှုတ်ဆက်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၂ )

**ဇန်နဝါရီ ၂၁ ရက်နေ့**

သူ့အိတ်ကိုရွေးပြီး တက္ကစီတစ်စီးငှား၍ အပူပိုင်းမိုတယ်ကို ရှာချိန်တွင် ကောင်းကင်သည် အရုဏ်ပျို့လာပြီ ဖြစ်၏။

မိုတယ်သို့ ရောက်သောအခါ ရော်ဂျာ့ကို သတိရဖြစ်အောင် ရလိုက်သေးသည်။ သို့သော် သူ့ကို ဘယ်တော့မှ မဆက်သွယ်။ လေယာဉ်ပေါ်တွင်လည်း အကြိမ်ကြိမ် သန္နိဋ္ဌာန်ချခဲ့ပြီး ဖြစ်သည်။

မိုတယ်က စိတ်ပျက်စရာ။ သို့သော် သူ ဒါတွေ အရေးမလုပ်နိုင်။ မိုတယ်မှာ ဖင်နွေးအောင်တောင် နေရမှာ မဟုတ်။ အမြန် ခြေ လက် မျက်နှာ ဆေးကြောပြီး ချက်ချင်းပင် ကိုယ်တိုင်မောင်း အငှားကားတစ်စီးငှား၍ ရစ်ချ်တာ ဆေးခန်းသို့ မောင်းထွက်လာခဲ့သည်။ စတီယာရင်ကို ကိုင်ထားသော သူ့လက်များကတော့ ချွေးများဖြင့် စေးထန်းနေခဲ့သည်။

မနက် စောလွန်းအားကြီးသဖြင့် ဆေးခန်းမှာ ကားရှင်းနေသည်။ ကားပက်ကင်တွင် ကားရပ်လိုက်ပြီး ခုနစ်ထပ်မြင့်သော ဆေးခန်း အဆောက်အအုံကို မော့ကြည့်လိုက်သည်။ ကားထဲမှ ထွက်သည်။ လက်ဆွဲအိတ်ကို ယူသည်။ အထဲမှာ ကူးစက်ရောဂါသင်တန်းမှ မှတ်စုများ၊ ဗလာစာအုပ်၊ ခဲတံများ၊

mgyoe.com

mgyoe.com SAMPLE BOOK

မိုင်းရုပ်စ်ဗေဒ လက်စွဲကျမ်းငယ် တစ်စောင်၊ မှတ်ခမ်းနီ တစ်တောင့်နှင့် ချွင်းဂန်း တစ်ထုပ်။

အထဲရောက်တော့ သူ့နှာခေါင်းထဲမှာ ယဉ်ပါးနေသော ပိုးသတ်ဆေးနံ့ ကို ရှူလိုက်ရသည်။ အနည်းငယ် တည်ငြိမ်သွားသလို ခံစားလိုက်ရသည်။ သတင်းစုံစမ်းရေးဌာနတွင် ဘယ်သူမှ မရှိ၊ သန့်ရှင်းရေးသမား တစ်ဦး၏ လမ်းညွှန်မှုဖြင့် အရေးပေါ်ခန်းသို့ ရောက်သွားသည်။ ဆရာဝန် မရှိ။ သူနာပြု နှစ်ဦးသာ တွေ့ရသည်။ မာရီဆာက သူ ဘယ်သူဘယ်ဝါ ဆိုတာကို ရှင်းပြပြီး တာဝန်ကျဆရာဝန်ကို ခေါ်ခိုင်းလိုက်သည်။

တာဝန်ကျ ဆရာဝန် ချက်ချင်း ရောက်လာသည်။ သူ့ကို လှိုက်လှိုက် လှဲလှဲ နှုတ်ဆက်သည်။

"ခင်ဗျား ချက်ချင်း ရောက်လာတာ ကောင်းလိုက်တာဗျာ။ ဆေးပညာ ဌာနမှူး ဒေါက်တာနာဗာရိုကတော့ ခင်ဗျားကို ညမအိပ်ဘဲ စောင့်နေလေရဲ့၊ ကျွန်တော် သူ့ကို ခေါ်လိုက်မယ်နော်"

မာရီဆာသည် သူ့ကိုယ်သူ ဘာလုပ်မိမှန်း သေချာမသိဘဲ စာရွက် ညှပ်သည့် ကလစ်လေးများကို ဆော့ကစားလျက် ရှိသည်။

အလို- သူနာပြုနှစ်ဦးက သူ့ကို ပြုံးကြည့်နေပါကောလား။

သူ ပြုံးပြလိုက်သည်။

"ကော်ဖီ ယူပေးရမလားရှင့်"

သူနာပြု နှစ်ဦးအနက် အရပ်ပိုမြင့်သည့် တစ်ယောက်က သူ့ကို မေး၏။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

ဟုတ်သည်။ သူ ကော်ဖီဖြင့် လန်းဆန်းအောင် လုပ်ထားမှ ဖြစ်မည်။ အတ္တလန်တာမှ လော့စ်အိန်ဂျယ်လိစ် လေယာဉ်ခရီးစဉ်တွင် နှစ်နာရီသာ အိပ်ခဲ့ရ သည်။ ကော်ဖီပူပူကို ကျိုက်ချနေစဉ်အတွင်း နယူးယောက်ကာ မဂ္ဂဇင်းမှ ဘာတန်ရှုချီ၏ ဆေးစုံထောက်ဇာတ်လမ်းများကို သူ သတိရနေမိသည်။

အခု ကြုံတွေ့ရတော့မယ့် ကပ်ရောဂါကို ကပ်ရောဂါဗေဒရဲ့ ဖခင်ကြီး ဂျွန်စနိုးလို ဖြေရှင်းနိုင်ရင် ဘယ်လောက်များ ကောင်းလိမ့်မလဲ။

မမြင်ရတဲ့ ပိုးမွှားတွေကြောင့် ရောဂါရနိုင်သည် ဆိုတဲ့ သီအိုရီ မပေါ်ခင် ကတည်းက လန်ဒန်တွင် ဖြစ်ပွားခဲ့သော ကာလဝမ်းရောဂါကပ်သည် မသန့်ရှင်းသော

mgyoe.com

ရေပေးရေးမှ ဖြစ်သည် ဆိုကြောင်းကို မြေပုံတစ်ချပ် ကိုင်စွဲ၍ ဖော်ထုတ်ဖြေရှင်းခဲ့သော ဂျွန်စနိုး။ ရှင်းလှ၊ ပိုင်လှသည့် ကပ်ရောဂါနှိမ်နင်းရေး။

ဆရာဝန်အခန်းတံခါး ပွင့်လာသည်။ ဆံပင်နက်နက်၊ လူပုံချောချော ယောကျ်ားတစ်ဦး ထွက်လာသည်။ မာရီဆာထံသို့ ဦးတည် လျှောက်လှမ်းလာသည်။

"ဒေါက်တာဘလူမင်သော်လား ခင်ဗျာ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော် နာဗာရိုပါ"

လက်ဆွဲနှုတ်ဆက်ကြ၏။ ဒေါက်တာနာဗာရိုသည် မာရီဆာကို ခါးကိုင်း၍ နှုတ်ဆက်ရင်းက သေးလှသော ခန္ဓာကိုယ်နှင့် နုနယ်လှသော မျက်နှာကလေးကို ငေးနေမိသည်။ လေယာဉ်ခရီးစဉ်အကြောင်း၊ အတွလန်တာ အကြောင်း အနည်းငယ် မေးပြီး တစ်ခုခု စားလိုစိတ် ရှိ၊ မရှိ မေးပြန်၏။

"ကျွန်မ မဆာပါဘူး ဆရာ၊ အလုပ် စလိုက်ကြရအောင်လား"

ဒေါက်တာနာဗာရိုကလည်း သဘောတူ၏။ ဆေးရုံအစည်းအဝေးခန်း ရှိရာသို့ မာရီဆာ့ကို ခေါ်သွား၏။ ဒေါက်တာနာဗာရိုသည် ဆေးပညာဌာနမှူး၊ ကူးစက်ရောဂါအကြောင်းကို သူ သိသည်ထက် အဆတစ်ရာခန့် ပိုသိမည့်သူ။ သည်လူက သူ့ကို အားကိုးတကြီး စောင့်စားတိုင်ပင်သည် ဆိုတော့။ ထိုအတွေးများသည် မာရီဆာ၏ ယုံကြည်မှုကို တက်မလာစေပါ။ ပိုတောင် ယုတ်လျော့သွားသေးသည်။

ထိုင်ပြီးပြီးချင်း နာဗာရိုက ပြည်နယ် ကပ်ရောဂါပါရဂူ ဒေါက်တာစပင်ဆာကော့စ်ထံသို့ ဖုန်းကောက်ဆက်သည်။ ဒေါက်တာကော့စ်ကလည်း မာရီဆာ့ကို တွေ့ချင်နေသည်။ ဗ-ရ-ဌ မှ ထိတ်ထိတ်ကြဲ ဝါရင့် သမ္ဘာရင့် ကပ်ရောဂါ ပါရဂူကြီးဟု သူတို့ ထင်နေကြသည်ကိုး။

ဒေါက်တာကော့စ်က သူ့ကို လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်၏။ သူ မလာနိုင်ရသည့် အကြောင်းကိုလည်း ရှင်းပြ၏။ ဆန်ဖရန်စစ္စကို ကမ်းခြေဒေသတွင် အေ့ဒ်စ်နှင့် ဆက်နွယ်သည်ဟု ယူဆရသော အသည်းရောင် အသားဝါဘီ ရောဂါကပ် ဆိုက်နေသည့် ကိစ္စဖြင့် ဒေါက်တာကော့စ်မှာ အလုပ်ရှုပ်နေသည်။ ဒေါက်တာကော့စ်က မာရီဆာ့ကို ဖုန်းထဲမှ ဆက်ပြော၏။

"ဒေါက်တာနာဗာရိုကတော့ ရစ်ချ်တာဆေးခန်း ပြဿနာအကြောင်း ခင်ဗျားကို ပြောပြီးပြီ ထင်တယ်နော်"

mgyoe.com

mgyee.com SAMPLE BOOK

"ကျွန်မတို့ ခုမှ စဆွေးနွေးမလို့ ရှိသေးတယ် ဆရာ"

"ဒီ အမျိုးအမည် မသိ ရောဂါသည် စုစုပေါင်း လူနာ ခုနစ်ယောက် ရှိပြီ၊ ခုနစ်ယောက် နော်၊ ဒီကမ်းခြေမှာ ရုတ်တရက် ထဖြစ်တဲ့ အသည်းရောင် ဘီရောဂါသည် ငါးရာ ရှိနေတယ်။ ကပ်ရောဂါမှတ်တမ်း မပြီးမချင်း ကျွန်တော် အဲဒီ ဆေးခန်းကို လာလို့ မရဘူး ဖြစ်နေတယ်"

"ဟုတ်ကဲ့၊ ကျွန်မ သဘောပေါက်ပါတယ် ဆရာ"

"ဒါဆို ခင်ဗျားပဲ ဆက်လုပ်ပေးပါနော်၊ ကျေးဇူး အထူးတင်ပါတယ်။ ဒါနဲ့ စကားမစပ် ခင်ဗျား ဗ-ရ-၄ မှာ အတော်ကြာပြီလား"

"သိပ်တော့ မကြာသေးပါဘူး ဆရာ"

ဒေါက်တာကော့စ်၏ အသံ ခေတ္တ တိတ်ဆိတ်သွားသည်။ ပြီးမှ-

"ဟုတ်ပါပြီဗျာ၊ ကံကောင်းပါစေ၊ တစ်ခုခု ထူးရင် ကျွန်တော်လည်း သိပါရစေ"

ဟု ယဉ်ကျေးစွာ အဆုံးသတ်သွားသည်။

"ကဲ- ကျွန်တော်တို့ စကြစို့"

ဖုန်းပြောပြီးသောအခါ ဒေါက်တာနာဇာရီက စကားစလိုက်သည်။

အသင့်ယူထားသော လူနာမှတ်တမ်း ခုနစ်ခုကို စားပွဲပေါ် တင်လိုက်သည်။ အလွန်ပြင်းထန်သော၊ မယုံနိုင်လောက်အောင် အားအင် ကုန်ခန်းစေသော၊ ကလီစာ အတော်များများ ပျက်စီးစေသော အမျိုးအမည် မသိ ရောဂါသည် ခုနစ်ဦး။ ပထမဦးဆုံး လူနာမှာ သည်ဆေးခန်းပိုင်ရှင် ဒေါက်တာရစ်ချ်တာ ကိုယ်တိုင်ပဲတဲ့။ ပြီးတော့ ဆေးမှတ်တမ်းဌာနက အမျိုးသမီးဝန်ထမ်းတစ်ဦး။ ဒေါက်တာနာဇာရီ၏ လူနာမှတ်တမ်းများက တိကျခိုင်မာလှသည်။

လက်ဆွဲအိတ်ကိုဖွင့်၍ စာအုပ်နှင့် ခဲတံကို ထုတ်လိုက်သည်။ အခု ရလိုက်တဲ့ ရောဂါဆိုင်ရာ သတင်းအချက်အလက်တွေကို ကပ်ရောဂါမှတ်တမ်း ပြုစုရမည်။ အမျိုးအစားတွေ ခွဲရမည်။ ရောဂါအကြောင်းက စရရင် သည် အမျိုးအမည်မသိ ရောဂါ ဆိုတာ ရောဂါ အသစ်အဆန်း တစ်ခု အမှန်တကယ် ဟုတ်ရဲ့လား။

ကပ်ရောဂါလို့ အမည်တပ်ရလောက်အောင် ပြင်းထန်ရဲ့လား။

ကပ်ရောဂါပညာရှင်ဟာ ရောဂါအမည်တပ်ပေးဖို့ မလို။ ရောဂါ အကြောင်း၊ ကူးစက်ပြန့်ပွားပုံနည်းလမ်းနဲ့ ဘယ်လို ကာကွယ်ထိန်းချုပ်နိုင်မလဲ

mgyee.com

mgyoe.com

ဆိုတာကိုသာ အာရုံပြုရလိမ့်မည်။ ဒါကြောင့်လည်း ရောဂါစုံထောက်လို့ ခေါ်တာပေါ့။

ပြီးရင် ရောဂါ ဖြစ်ပွားနေတဲ့ လူတွေနဲ့ ပတ်သက်လို့ သတင်းအချက်အလက်တွေ ကောက်ရမည်။ အသက်၊ လိင်၊ ဂါသနာ၊ အမူအကျင့် စသည် ဖြင့်ပေါ့။ အဲဒီ သတင်းအချက်အလက်တွေ စုံပြီ ဆိုရင်တော့ ရောဂါပျံ့နှံ့ခြင်းဆိုင်ရာ အကြောင်းတရား သုံးပါးလို့ ဆိုကြတဲ့ ဘယ်အချိန်မှာ ဖြစ်တာလဲ၊ ဘယ်နေရာမှာ ဖြစ်တာလဲ၊ ဘယ်သူတွေမှာ ဖြစ်တာလဲ ဆိုတဲ့ အချက်တွေကို ဖော်ထုတ်နိုင်မည်။ ဒါပြီးရင်တော့ ကူးစက်ရောဂါ ဖြစ်ပွားခြင်းဆိုင်ရာ ကွင်းဆက်ခြောက်ခုကို ဖော်ထုတ်ရမည်။ ဘုရား ကယ်ပါ။ ဒေါက်တာ ဒပ်ချက် ကယ်ပါ။ ကျွန်တော်မျိုးမ လုပ်နိုင်ပါ့မလား။

မာရီဆာသည် ချွေးစိုနေသောလက်ကို စကတ်ဖြင့် သုတ်လိုက်ပြီး ခဲတံကို ကြိုးစား ကိုင်လိုက်သည်။ ဗလာစာရွက်ပေါ်တွင် ရေးရန်၊ မှတ်ရန် အနေအထား အသင့်ပြင်ပြီးမှ–

"ရောဂါက အမျိုးအမည် မသိ ဆိုတော့ ဆရာတို့ ဘာတွေ စဉ်းစားသလဲ"

ဟု ဒေါက်တာနာဗာရီကို စတင် အင်တာဗျူးလိုက်သည်။

"ဖြစ်နိုင်သမျှတော့ အားလုံးတော့ ထောင့်စေ့အောင် လိုက်စဉ်းစားထားတာပဲဗျာ"

ဒေါက်တာ နာဗာရီသည် အချို့ အချို့သော သမားတော်များလို မာန်မတက်။ အရှိကို အရှိအတိုင်း ရိုးသားစွာ ပြော၏။

"တုပ်ကွေးကော မဖြစ်နိုင်ဘူးလား"

မေးပြီးမှ မာရီဆာ နောင်တရမိသည်။ ဝါရင့်သမားတော်ကြီးတစ်ယောက်အဖို့ တုပ်ကွေးလောက်ကို မသိဘဲ နေပါ့မလား။

"ပထမဆုံး စဉ်းစားတာ တုပ်ကွေးပေါ့။ လူနာမှာ အသက်ရှူလမ်းကြောင်းနဲ့ဆိုင်တဲ့ လက္ခဏာတွေ ရှိနေပေမယ့် ဒီလောက်ကြီး မထင်ရှားဘူး။ တုပ်ကွေးဗိုင်းရပ်စ်ပိုး ရှာကြည့်တော့လည်း ခုနစ်ယောက်လုံးမှာ မတွေ့ရဘူး။ ဆိုတော့ ဘာရောဂါဖြစ်နေမှန်း မသိပေမယ့် တုပ်ကွေးတော့ မဟုတ်တာ သေချာတယ်ဗျာ"

"ဒါဆို"

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာဆို ဘာမှ ရေရေရာရာ မတွေ့ဘူးဗျ။ သွေး၊ ဆီး၊ သလိပ်၊ မစင်၊ ကျောရိုးဖောက်ပြီး ယူတဲ့ ဦးနှောက်ရည်ကြည် အားလုံးကို အပြင်းအထန် စစ်ဆေးတာပဲ။ ငှက်ဖျားလို့လည်း ထင်မိကြလို့ ကုတောင် ကုလိုက်သေးတယ်။ ငှက်ဖျားပိုးလည်း ဘယ်လောက် ရှာရှာ မတွေ့ပါဘူးဗျာ။ တိုက်ဖွိုက်ပိုးလည်း မတွေ့ဘူး။ သို့သော် သက်သာလို သက်သာငြား တက်ထရာ ဆိုင်ကလင်းနဲ့ ကလိုရမ် ဖန်နီကောလ်လည်း ပေးလိုက်သေးတယ်။ ဒါပေမဲ့ ဘယ်လို လုပ်လုပ် လူနာတွေကတော့ ဒုံရင်း ဒုံရင်းပဲ။ မပာတ်သေးဘူးဗျ၊ ပိုတောင် ဆိုးလာသေးတယ်"

"ဆင်တူယိုးမှား ရောဂါတွေကိုကော စစ်ကြည့်သေးလား"

"စစ်ကြည့်ပါ့ဗျား၊ ကူးစက်အထူးကုတွေနဲ့လည်း တိုင်ပင်ကြပါသေး။ အားလုံးကတော့ မင်းမသိ ဗြဟ္မဒတ်၊ တိုင်းပြည်မသိ ဗာရာဏသီ ဆိုသလို ဗိုင်းရပ်စ်လက်ချက်လို့ ထင်နေကြတယ်။ ဝေးလ်စ်ရောဂါ ငန်းဝါဖျား၊ သွေးလွန်တုပ်ကွေး၊ မိုနိုနျူကလီယိုးစစ်အပြင် အစာအိမ်အူလမ်းကြောင်းဗိုင်းရပ်စ် အာဘိုနဲ့ အဒီနိုဗိုင်းရပ်စ်တွေလည်း ဖြစ်နိုင်တာပဲ။ တစ်ဖက်က အပြင်းအထန် ကုနေသလို တစ်ဖက်ကလည်း ရောဂါ နာမည်တပ်နိုင်ဖို့ အသည်းအသန် ရှာနေကြတာပဲ။ ခုထိတော့ နှစ်ဖက်လုံး မအောင်မြင်သေးဘူးလို့ ပြောရမယ်"

"ဒေါက်တာရစ်ချ်တာ ဆေးရုံတက်နေရတာ ဘယ်နှရက် ရှိပြီလဲ"

"ဒီနေ့ ငါးရက်မြောက်ပေါ့၊ လူနာတွေကို ကျွန်တော်တို့ သွားကြည့်ကြရအောင်"

ဒေါက်တာနာဗာရိသည် ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။ သူတို့ နှစ်ဦး ဓာတ်လှေကားသို့ သွားနေစဉ် မာရီဆာသည် ပြဿနာ၏ အတိမ်အနက်ကို စဉ်းစားလာခဲ့၏။ ပုံစံကြည့်ရတာတော့ တကယ့်မီးခဲကြီးကို သူ ကိုင်နေရပြီ ထင်သည်။ အတ္တလန်တာမှ ကပ်ရောဂါသင်ခန်းစာများလည်း သိပ်ပြီး အကူအညီရမည့်ပုံ မပေါ်။ ဘယ်လိုများ လုပ်ရပါ့။

ငါးထပ်ရှိ သူနာပြုအခန်းသို့ ရောက်လာကြသည်။ နာဗာရိက သူ့ကို သူနာပြုများနှင့် မိတ်ဆက်ပေးသည်။

"ခုနစ်ယောက်လုံး ဒီအထပ်မှာပဲ ထားတယ်။ သိပ်အခြေအနေဆိုးတဲ့ နှစ်ယောက်က အသည်းအသန် လူနာခန်းမှာ ကိရိယာ အပြည့်အစုံနဲ့ ထားတယ်။ ကျန်တဲ့ ငါးယောက်ကတော့ ရိုးရိုးခန်းမှာ၊ ခင်ဗျား ဒေါက်တာ

mgyoe.com

mgyoe.com SAMPLE BOOK

ရစ်ချ်တာ့ကို အရင်ကြည့်ရင် ကောင်းမယ် ထင်တယ်။ ဒါ သူ့ရဲ့ ရောဂါ မှတ်တမ်းပဲ''

'အသက်ရှင်သန်ခြင်း ဆိုင်ရာ လက္ခဏာများ' ဆိုသည့် စာရွက်ကို အရင် ကြည့်လိုက်သည်။ သည်နေ့အတွက် ဒေါက်တာရစ်ချ်တာ၏ သွေးပေါင်ချိန် က အလွန်အမင်း ကျလျက်ရှိပြီး အဖျားက အလွန်အမင်း တက်လျက် ရှိသည်။ အခြေအနေ လုံးဝ မကောင်း။ ခဏနေမှ သည်မှတ်တမ်းထဲမှ သတင်းအချက် အလက်များကို အသေးစိတ် စိစစ်ရဦးမည်။ ရောဂါ ရှာဖွေစစ်ဆေးထားသော ဓာတ်ခွဲခန်း အဖြေများက သမ္မာကျမ်းစာလောက် ထူနေပြီ။

မှတ်တမ်းအစကို ပြန်ကြည့်လိုက်သည်။ ရောဂါ ဖြစ်ဖြစ်ချင်း မှတ်တမ်း တင်သော လက်ရှိရောဂါ၏ ရာဇဝင် ဆိုသည့် ကဏ္ဍကို ကြည့်လိုက်သည်။ ဘုရား– အနိစ္စ။ သူ့မျက်လုံးများ ပြူးသွားသည်။ ရောဂါလက္ခဏာ မပြခင် ခြောက်ပတ် အလိုက ဒေါက်တာရစ်ချ်တာသည် ကင်ညာနိုင်ငံ၊ နိုင်ရိုဘီတွင် အပြည်ပြည်ဆိုင်ရာ မျက်စိရောဂါများအကြောင်း ညီလာခံ တက်ခဲ့သည် ဆိုပဲ။ စိတ်ဝင်စားစရာ ကောင်းလာပြီ။

ဆက်ဖတ်၏။

တစ်ပတ် အလိုက ဆန်ဒီယာဂိုတွင် မျက်စိခွဲစိတ်ညီလာခံ တက် သည်။

နှစ်ရက် အလိုက ဆာကိုပီးသီးဆပ်စ် အေသီးယော့ပ်၏ ကိုက်ခြင်းကို ခံခဲ့ရသည်။ ဘုရားရေ– ဒါ ဘာအကောင်လဲ။ ဒေါက်တာနာဗာရီကို လှည့်မေး လိုက်သည်။

''မျက်လုံး ဟားပီးစ်ဗိုင်းရပ် သုတေသနအတွက် ဒေါက်တာရစ်ချ်တာ မွေးထားတဲ့ မျောက်တစ်မျိုးပါ''

မာရီဆာ ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ဓာတ်ခွဲခန်းအဖြေတွေဆီ အကြည့်က ရောက်သွားပြန်၏။ သွေးဖြူဥ အလွန်နည်း၊ သွေးခဲစေသည့် သွေးမွှားဥ အလွန်နည်း၊ အသည်းမကောင်း၊ ကျောက်ကပ် မကောင်း၊ အီးစီဂျီ အဖြေအရ နှလုံးလည်း မကောင်းချင်၊ သူ့ထက် နေမကောင်းသူပင် သူ့လောက် နေမကောင်းဖြစ်မှာ မဟုတ်ဟု ပြောရလောက်အောင်၊ သောက်ကျိုးနည်းအောင် ကို နေမကောင်း ဖြစ်နေရှာတာပဲ။

''ကဲ– လူနာကြည့်ဖို့ အဆင်သင့် ဖြစ်ပြီလား၊ သွားကြစို့''

mgyoe.com

လကမ္ဘာသွား အာကာသဝတ်စုံကဲ့သို့ အကာအကွယ်တွေ အများကြီး ဝတ်လိုက်ကြပြီး အသည်းအသန် လူနာခန်းသို့ လျှောက်လာကြသည်။

"ဒေါက်တာရစ်ချ်တာကို တစ်ယောက်တည်း သီးသန့်ခွဲထားတယ်"

ဒေါက်တာ ရစ်ချ်တာ။

လွန်ခဲ့သည့် ငါးရက်က လေးလုံးခြောက်ဖက် ပုဂ္ဂိုလ်ကြီးသည် အသားတွေ ခြောက်ကပ်၊ မျက်လုံးတွေ ချိုင့်ဝင်၊ နှုတ်ခမ်းတွေ ဖြူဖျော့ပြီး သွားမှာ သွေးခြောက်တွေ စွန်းကာ သရဲ တစ္ဆေရုပ်ပေါက်နေသည်။

မာရီဆာသည် သေအံ့မူးမူးလူနာရှေ့တွင် ငူငူကြီးရပ်ရင်း ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ သူ တစ်ခုခုတော့ လုပ်မှ ဖြစ်မည်။ ဒေါက်တာ နာဗာရိုက သူ့ကို မျက်စိဒေါက်ထောက် ကြည့်နေသည်ကော။ ကိုင်း- ဝါရင့် သမ္ဘာရင့် ဗ-ရ-၅ မှ ကပ်ရောဂါပါရဂူကြီး တစ်ခုခု လုပ်ပေတော့။

"ဘယ်လို နေသေးလဲ ဟင်"

ဟယ်- မှားပြန်ပြီ။ မေးပြီးမှ ကိုယ့်ပါး ကိုယ် ပြန်ပိတ်ရိုက်ပစ်ချင် လောက်အောင် တုံးသော မေးခွန်းမှန်း သူ သတိထားမိတော့သည်။ သို့သော် သူ့အမေးကြောင့် ဒေါက်တာရစ်ချ်တာ၏ မျက်လုံးများ ပွင့်လာသည်။ သူ့ မျက်ဖြူသားမှာ သွေးခြည်တွေ ဥနေလိုက်တာ ရဲတွတ်လို့။

ဒေါက်တာရစ်ချ်တာက ပြန်ဖြေရှာသည်။

"နေရတာ အရမ်းဆိုးတယ်"

သူ့အသံမှာ တိမ်ဝင်ကာ အက်ကွဲလျက် ရှိသည်။

"လွန်ခဲ့တဲ့ တစ်လလောက်က အာဖရိကကို ဆရာ သွားခဲ့တယ် ဆိုတာ အမှန်ပဲလား"

မာရီဆာက ဒေါက်တာရစ်ချ်တာ အနားကပ်၍ ခပ်တိုးတိုး မေးလိုက်သည်။

"လွန်ခဲ့တဲ့ ခြောက်ပတ်ကပါ"

"အဲဒီက တိရစ္ဆာန်တွေနဲ့ ထူးထူးခြားခြား ထိတွေ့ခဲ့တာမျိုး ရှိသလား"

"မရှိပါဘူး၊ တိရစ္ဆာန်တွေတော့ အများကြီး တွေ့တယ်။ ဒါပေမဲ့ မကိုင်တွယ်ခဲ့ပါဘူး"

"လူမမာ တစ်ယောက်ယောက်နဲ့ကော ထိတွေ့ခဲ့သေးလား"

mgyoe.com

ဒေါက်တာ ရစ်ချ်တာက ခေါင်းသာ ယမ်းပြနိုင်သည်။ သူ့အတွက် စကားပြောရသည်မှာ ပင်ပန်းလွန်းပုံ ပေါက်သည်။

မာရီဆာသည် သေလုမြောပါး ဖြစ်နေသော ဆရာဝန်ကို ငေးကြည့်ရင်း–

''ဒီလောက်ဆို တော်လောက်ပါပြီ''

ဟု ပြောလိုက်သည်။

သူတို့ လက်ဆေးကြရင်း မာရီဆာက ဒေါက်တာနာဗာရီကို–

''ဒေါက်တာ ရစ်ချ်တာကို ကိုက်တဲ့မျောက် ဘာဖြစ်သွားပြီလဲ''

ဟု မေးလိုက်သည်။

''မျောက်ကို သီးခြား ခွဲထားတယ်ဗျ။ သူ့ကိုယ်ထဲက ရောဂါပိုး တစ်ခုခု တွေ့မလားလို့ ဆီးတွေ သွေးတွေ အသားစတွေလည်း စစ်ထားတယ်။ မျောက်ကတော့ ခုထိ အင်မတန် ကျန်းမာနေတုန်းပဲ''

မာရီဆာသည် ဒေါက်တာရစ်ချ်တာ၏ မျက်လုံး သွေးခြည်ဥနေသည်ကို ပြန်လည် မြင်ယောင်နေမိသည်။ သူက–

''ကျွန်မတို့ ဆက်လုပ်စရာတွေတော့ အများကြီးပဲ''

ဟု ဒေါက်တာနာဗာရီကို မရေမရာ ပြောနေရင်း အာဖရိကမှ ဆင်းသက် ပြန့်ပွားတတ်သော သေလောက်သည့် ဗိုင်းရပ်စ် သွေးယိုရောဂါကို ဖျတ်ခနဲ သတိရလိုက်သဖြင့် ထိုရောဂါလည်း ဖြစ်နိုင်ကြောင်း ထည့်ပြောလိုက်သည်။

ဒေါက်တာနာဗာရီက ခေါင်းညိတ်ရင်း–

''ဟုတ်ပါတယ်၊ ဗိုင်းရပ်စ် သွေးယိုရောဂါကိုလည်း ကျွန်တော်တို့ ထည့်စဉ်းစားပါတယ်။ အဲဒီလို စဉ်းစားလို့လည်း ဗ–ရ–၄ ကို ချက်ချင်း အကူအညီတောင်းတာပေါ့''

ဟု ပြန်ပြောလိုက်သည်။

အဓိကက အဓိကပဲ၊ အဖြစ်များတာကို အရင်ဆုံး စဉ်းစား ဆိုသည့် ဆေးပညာ၏ သွန်သင်ချက်များနှင့် ဖီလာကန့်လန့်တော့ ဖြစ်နေပြီ။ ဒုန်းပြေး လာသော ခွာသံ ကြားလျှင် မြင်းသာ ဖြစ်ရလိမ့်မည်ဟု ရောဂါ ရှာဖွေရေး အတတ်ပညာက ဆိုထားသော်လည်း ခုတော့ မြင်းကျားတွေလား၊ မြည်းတွေလား။

သူ ဘာဆက်လုပ်ရမှန်း မသိ ဖြစ်နေစဉ် ဒေါက်တာနာဗာရီကို အရေးပေါ်ဌာနမှ လှမ်းခေါ်၏။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ကျွန်တော် ခဏ ပြေးလိုက်ဦးမယ်။ ဘာတွေ လုပ်ထားရဦးမလဲ"

ဒေါက်တာနာဗာရိက မာရီဆာ့ကို မေး၏။

"လူနာတွေကို ဒီထက်ပိုပြီး သီးသန့်ခွဲထားစေချင်တယ်။ သူတို့အတွက် သီးခြား အဆောင်သတ်သတ် ဖန်တီးပေးပြီး အကာအကွယ်အပြည့်နဲ့ သူနာပြု စနစ် လုပ်ပေးပါ။ ရောဂါ ဘယ်လို ကူးသလဲဆိုတာ မသိရသေးခင်အထိ အဲဒီလို လုပ်ထားစေချင်တယ်"

"ကောင်းပါပြီ၊ ခင်ဗျား ပြောတာ မှန်ပါတယ်၊ ကျွန်တော် စီမံလိုက်ပါ့မယ်"

မာရီဆာသည် ရောဂါ မှတ်တမ်း ခုနစ်ခုကို ယူ၍ ဖြန့်ထားလိုက်သည်။ ဒေါက်တာ ရစ်ချ်တာ၊ နောက် မိန်းမ လေးယောက်နှင့် ယောကျ်ား နှစ်ယောက် စုစုပေါင်း ခုနစ်ယောက်။ ရောဂါလက္ခဏာများက အားလုံး အတူတူ။ တစ်ယောက်နဲ့ တစ်ယောက် တိုက်ရိုက်ထိတွေ့မိပြီး ကူးစက်ခံရတာလား၊ အခြား တစ်နေရာရာကနေ ကူးစက်ခံရတာလား။ ရောဂါမှတ်တမ်းတွေကို အသေးစိတ် ပြန်ဖတ်သည်။ ဒေါက်တာရစ်ချ်တာ၏ မှတ်တမ်းကို တစ်လက်မ မကျန် ဖတ် သည်။ အရေးကြီးသည်ဟု ယူဆရသော သတင်းအချက်အလက်များကို စာအုပ် ထဲတွင် ရေးမှတ်သည်။ သူ့စိတ်အာရုံကိုတော့ လွန်ခဲ့သည့် ခြောက်ပတ်က ဒေါက်တာရစ်ချ်တာ အာဖရိက သွားခဲ့သည့် အကြောင်းက လွှမ်းမိုးနေ၏။ တစ်လ ဆိုသော အချိန်သည် ရောဂါပျိုးချိန်အဖြစ် သတ်မှတ်ရန် အနည်းငယ် များနေသော်လည်း သေလောက်သည့် အာဖရိကန်ဗိုင်းရပ်စ် မဟုတ်ဟု သတ်မှတ် ၍ မရ။ အိတ်ချ်အိုင်ဗွီ ဆိုလျှင် ရောဂါပျိုးချိန် နှစ် ဆယ်ချီ၍ပင် ကြာနိုင်သေး သည်။ သို့သော် အခု ပြဿနာက အိတ်ချ်အိုင်ဗွီလို အပျော့ဆွဲ နာတာရှည် ရောဂါမျိုး မဟုတ်။ ခုဖြစ် ခုသေ အပြင်းစား ဗိုင်းရပ်စ် ကပ်ရောဂါ။ ထို ရောဂါမျိုး၏ ရောဂါပျိုးချိန်သည် များသောအားဖြင့် တစ်ပတ်၊ သို့မဟုတ် ရက်အနည်းငယ်သာ ကြာလေ့ ရှိသည်။

မာရီဆာသည် ရောဂါမှတ်တမ်းများထဲက လူနာများ၏ ကိုယ်ရေး ရာဇဝင် သတင်းအချက်အလက်များကို မှတ်စုထုတ်နေ၏။ ထူးခြားသည့် အချက် ကို သူ ချက်ချင်း မြင်၏။ လူနာများ၏ ကိုယ်ရေးမှတ်တမ်းများက ထွေပြား လှသည်။ အလုပ်အကိုင်တွေကလည်း တခြားစီ။ ဆရာဝန် တစ်ယောက်၊ စာရေးမ တစ်ယောက်၊ ပိုက်ပြင်သမား တစ်ယောက်၊ အိမ်ရှင်မ နှစ်ယောက်၊ အာမခံ

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုယ်စားလှယ်တစ်ယောက်နှင့် အိမ်ခြံမြေပွဲစား တစ်ယောက်။ ဘာဆို ဘာမှ မဆိုင်။ အလုပ်အကိုင်မှတစ်ဆင့် ရောဂါ ကူးစက်သည်ဟု ဘယ်နည်းနှင့်မှ ကောက်ချက်ချ၍ မရ။

သို့သော် ရောဂါ ကောက်ကြောင်းကတော့ ပုံပေါ်လာသည်။ ရောဂါဝေဒနာသည် ဖုံးကွဲသလို ဆိုင်းမဆင့် ဖုံမပါ ချက်ချင်း ကောက်ကာငင်ကာ ထဖြစ်သော ခေါင်းကိုက်ခြင်း၊ ကြွက်သားများ နာခြင်း၊ အပြင်းဖျားခြင်းတို့နှင့် စကြ၏။ ပြီးရင် မိုက်နာမည်၊ ဝမ်းလျှောမည်၊ အန်မည်၊ လည်ပင်းနာမည်၊ ချောင်းဆိုးမည်၊ ရင်ဘတ်အောင့်မည်၊ အပြင်းအထန် မောမည်။

မှတ်တမ်းများကို အသေးစိတ်ဖတ်ရင်း မာရီသာ ကျောရိုးထဲမှ စိမ့်တက်လာသည်။ သည်လောက် ထိတွေ့မှု ဖြစ်ခဲ့လျှင် သူ့မှာများ ရောဂါကူးနိုင်ခြေ ရှိနေပြီလား။

မျက်လုံးအစုံကို ပွတ်လိုက်သည်။ အိပ်ပျက်ခြင်းကြောင့် မျက်စိတွေ ကျိန်းစပ်နေသည်။ သို့သော် နား၍ မဖြစ်သေး။ အခြားလူနာတွေဆီ သွားရဦးမည်။

ဆေးမှတ်တမ်းဌာနမှ စာရေးမဆီ အရင်သွားသည်။ သူက အသံည်း အသန် လူနာဆောင်ထဲတွင် ဒေါက်တာရစ်ချ်တာနှင့် အခန်းချင်း ကပ်လျက်။ ထိုမှတစ်ဆင့် နောက်တစ်ယောက်၊ နောက်တစ်ယောက်။

အားလုံးသည် ဝေဒနာကို အပ်ချစရာ နေရာမရှိအောင် အပြင်းအထန် ခံစားနေရသည်။ စကားစမြည် ပြောနိုင်သူ တစ်ယောက်မှ မရှိ။ သို့သော် သူ တစ်ခု သိလိုက်ရသည်။ အားလုံးသည် ရစ်ချ်တာ ဆေးခန်း၏ ကြိုတင်ငွေပေး ကျန်းမာရေးအာမခံ ကိုယ်စီရှိသူများသာ။ သူ့ခေါင်းထဲမှာ သံသယတစ်ခု ဝင်လာသည်။ ဒေါက်တာရစ်ချ်တာဟာ ရောဂါဖြန့်ဖြူးသူများလား။ ပြင်ပလူနာမှတ်တမ်း များကို ပြန်ကြည့်ဖို့ စိတ်ကူးလိုက်တုန်း ဒေါက်တာနာဗာရီ့ထံမှ ဖုန်းလာ၏။

''နောက်တစ်ယောက် ရောက်လာပြန်ပြီ ဆရာမရေ့၊ စိတ်ညစ်ပါတယ်။ ကျွန်တော်တို့ ဆေးခန်းက ဓာတ်ခွဲကျွမ်းကျင် ကောင်လေးဗျ၊ အရေးပေါ် ခန်းထဲ ထည့်ထားတယ်။ လာကြည့်ဦးမလား''

''ဆရာတို့ သူ့ကို သီးသန့် ခွဲထားရဲ့လား''

''ဟုတ်ကဲ့၊ လုပ်နိုင်သလောက်တော့ လုပ်ထားတာပဲ ခင်ဗျာ၊ ငါးထပ်မှာ သီးသန့်အဆောင် လုပ်ဖို့လည်း ပြင်ဆင်နေပါပြီ။ ပြီးတာနဲ့ အားလုံးကို အဲဒီထဲ ရွှေ့မယ်''

mgyoe.com

mgyoe.com SAMPLE BOOK

"ကောင်းတယ် ဆရာ၊ မြန်လေ ကောင်းလေပဲ၊ နောက်ပြီး သူတို့ကို မလိုအပ်ဘဲ ခွဲစိတ် စမ်းသပ်တာတွေလည်း မလုပ်စေချင်ဘူး၊ ကျွန်မ အခု လာပြီ"

အရေးပေါ်ခန်းသို့ သွားနေစဉ် အခု တကယ့် ပြင်းထန် ဆိုးဝါးလှတဲ့ ကပ်ရောဂါကြီးရဲ့ နှုတ်ခမ်းဝမှာ သူတို့ လျှောက်လှမ်းနေရပြီဟု မာရီဆာ သိလာသည်။ ခွဲစိတ်ကျွမ်းကျင် ကောင်လေးဟာလည်း သည်ဆေးခန်း တစ်နေရာရာကနေ သည်သေလောက်တဲ့ ဗိုင်းရပ်စ် ကူးစက်ခံရတာ ဖြစ်ပေလိမ့်မည်။ အဖြစ်နိုင်ဆုံးကတော့ အရင်ဖြစ်နှင့်ပြီးသား လူနာတွေရဲ့ သွေး၊ သလိပ်၊ ဆီး၊ ဝမ်းတွေကို ခွဲစိတ်ကြည့်ရင်းက ကူးစက်ခံရတာ ဖြစ်လိမ့်မည်။

မာရီဆာသည် လူနာအသစ်၏ ရောဂါမှတ်တမ်းကို အလျင်စလို ဖတ်လိုက်သည်။ အယ်လန်မိုရာ၊ အသက် ၂၄ နှစ်၊ အဖျား ၁၀၃.၄ ဒီဂရီ ဖာရင်ဟိုက်။ အကာအကွယ်တွေ ဝတ်ပြီး လူနာကို သွားကြည့်သည်။ ကောင်လေးက သူ့ကို ပြုံးကြောင်ကြောင်ကြီး ကြည့်နေ၏။

"ရှင် သိပ်နေလို့ မကောင်းဘူး ဆိုတာ ကျွန်မ သိပါတယ်ရှင်"

"သိပ်နေမကောင်းတာ မဟုတ်ဘူးဗျ၊ လူတစ်ကိုယ်လုံး လမ်းကြိတ်စက်နဲ့ တက်ကြိတ်ခံထားရသလို ဖြစ်နေတာ၊ တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ ဒီလောက် မဖြစ်ဖူးဘူး"

"ဘယ်လို စဖြစ်တာလဲ"

အယ်လန်က နားထင်ကို လက်ညှိုးထိုးပြပြီး-

"ဒီနေရာက ကိုက်တာဗျ၊ သေလောက်အောင် ကိုက်တယ်၊ သက်သာအောင် တစ်ခုခု မြန်မြန် လုပ်ပေးပါဗျာ"

"ဟုတ်ပါပြီရှင်၊ ချမ်းတုန်သေးလား"

"ခေါင်းကိုက်တာနဲ့ တစ်ပြိုင်နက်လိုလိုပဲ ချမ်းတုန်တယ်"

"ပြီးခဲ့တဲ့ တစ်ပတ်အတွင်း ခွဲစိတ်ခန်းမှာ ထူးထူးခြားခြား ဘာဖြစ်သေးလဲ"

အယ်လန်က မျက်စိများကို မှိတ်လိုက်ပြီး-

"ဘယ်လို ထူးခြားတာမျိုးလဲ၊ ဘောလုံးပွဲ လောင်းတာတော့ နိုင်လိုက်တယ်"

"အဲဒါမျိုး မဟုတ်ဘူး၊ တိရစ္ဆာန်တွေ ဘာတွေ အကိုက်ခံရသေးလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟင့်အင်း၊ ကျွန်တော်က တိရစ္ဆာန် မကိုင်ရဘူး၊ နေပါဦး၊ ကျွန်တော် ဘာရောဂါ ဖြစ်တာလဲ"

"ဒေါက်တာရစ်ချ်တာ အကြောင်းကော ဘာသိလဲ"

"ဒါ သူ့ဆေးခန်းပဲဥစ္စာ၊ အကုန်လုံး သူ့ကို သိတာပေါ့၊ နေဦး၊ ဓာတ်ခွဲနေတုန်း အပ်တစ်ခါ စူးဖူးတယ်။ အရင်က တစ်ခါမှ မစူးခဲ့ဖူးဘူး"

"လူနာ နာမည် မှတ်မိလား"

"ဟင့်အင်း၊ ဒါပေမဲ့ သူ့မှာ အိတ်ချ်အိုင်ဗွီ မရှိဘူး ဆိုတာတော့ သိတယ်။ ကျွန်တော် သူ့ရောဂါနာမည် ဖတ်ကြည့်လိုက်သေးတယ်"

"ဘာတဲ့လဲ"

"မေ့သွားပြီ၊ အေ့ဒ်စ် မဟုတ်တာတော့ သေချာတယ်"

မာရီဆာသည် အပြင်ထွက်ပြီး ဒေါက်တာနာဗာရီကို ရှာ၏။ နှလုံးခုန်ရပ်သွားသော လူနာတစ်ယောက်ကို အပြင်းအထန် အသက်ကယ်နေရသဖြင့် နာဗာရီ မအား။ သူ ငါးထပ်သို့ တက်သွားကြောင်း သူနာပြုမှတစ်ဆင့် အကြောင်းကြားခိုင်းလိုက်ပြီး အပေါ်တက်ရန် ဓာတ်လှေကားဆီ လာခဲ့သည်။ ဒေါက်တာဒပ်ချက်ထံ ဖုန်းဆက် အစီရင်ခံဖို့ စိတ်ထဲမှာ အစီအစဉ် လုပ်လာခဲ့သည်။

"ဗ-ရ-၄ က ဒေါက်တာဘလူမင်သော်လား ခင်ဗျား"

မုတ်ဆိတ် ထူလပျစ်ဖြင့် လူတစ်ယောက်။ မာရီဆာ ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော်က အယ်လ်အေတိုင်း သတင်းထောက် ကလာရန်ဟာမ်းစ်ပါ။ ကျွန်တော့် မိန်းမက အသည်းအသန် လူနာဆောင်မှာ ညသူနာပြုပါ။ ဒေါက်တာရစ်ချ်တာအတွက် ခင်ဗျား ရောက်လာတယ်လို့ ကြားလို့၊ သူက ဘာဖြစ်တာလဲ တစ်ဆိတ် သိပါရစေ"

"ခုထိတော့ ဘယ်သူမှ သေချာ မသိသေးဘူးရှင့်"

"အခြေအနေ ဆိုးသလား"

"ရှင့်မိန်းမက လူနာအခြေအနေကို ပိုသိပါလိမ့်မယ်"

"သူက ဒေါက်တာရစ်ချ်တာ သေခါနီးပြီတဲ့၊ အခြား လူနာခြောက်ယောက်လည်း ထူးမခြားနားဘဲတဲ့။ ဗ-ရ-၄ ကလည်း ချက်ချင်း ရောက်လာတယ်ဆိုတော့ မဟုတ်မှလွဲရော၊ ကပ်ရောဂါတစ်ခုရဲ့ အစများလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ကပ်ရောဂါလို့ သုံးဖို့ သိပ်စောလွန်းနေသေးတယ်။ နှစ်ရက်အတွင်း နောက်ထပ် လူနာအသစ် တစ်ယောက်ပဲ ရောက်တယ်၊ ဒါ နောက်ဆုံးလူနာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ ဘယ်သူမှတော့ သေချာ မသိဘူးလေ"

"ကြောက်တော့ ကြောက်စရာကြီးပဲ"

"ဟုတ်ပါတယ်၊ ကဲ- ကျွန်မ သွားပါရစေတော့၊ အချိန် မရှိလို့ပါ"

သူ ဓာတ်လှေကားဖြင့် တက်လာခဲ့သည်။ ငါးထပ်ရှိ သူ့အလုပ်ခန်းထဲ ရောက်ရောက်ချင်း ဒပ်ချက်ကို ဖုန်းခေါ်လိုက်သည်။ တစ်ဖက်က ချက်ချင်း ပြန်ထူး၏။

"ပထမဆုံး လက်တွေ့လေ့ကျင့်ခန်း အစီအစဉ် ဘယ်လိုလဲ"

"ကျွန်မတော့ ကိစ္စကြီးနဲ့ ကြုံနေပြီ ထင်တာပဲ"

မာရီဆာသည် သည်မှာ ဖြစ်ပျက်နေသမျှ အားလုံးကို အမြန်ဆုံး အစီရင်ခံလိုက်သည်။ ခုထိ ဘဲဥ အစရှာမရသေးကြောင်းနှင့် သည်မှာ ရှိနေသည့် ဆရာဝန်တွေထက် ဘာမှပိုထူးပြီး သူ မသိသေးကြောင်းလည်း ထည့်ပြောလိုက်သည်။

"ကပ်ရောဂါဗေဒပညာရှင် ဆိုတာ ကုသရေးဘက်က ဆရာဝန်တွေနဲ့ ကွာတာက သတင်းအချက်အလက်ကို အဓိပ္ပာယ်ဖော်တဲ့နေရာမှာပဲ ဒေါက်တာဘလူမင်သော်ရဲ့၊ ကုသရေး ဆရာဝန်တွေဟာ ကေ့စ်တစ်ခုချင်းစီကို အာရုံစိုက် အဓိပ္ပာယ်ဖော်တတ်တယ်။ ခင်ဗျားကတော့ အဖြစ်အပျက် တစ်ခုလုံးကို အပေါ်စီးက ကြည့်ပြီး ခြုံငုံသုံးသပ်ဖို့ပဲ။ ကဲ- ရောဂါအကြောင်း အသေးစိတ် ပြောပါဦး"

မာရီဆာသည် မှတ်စုများ၏ အကူအညီဖြင့် ရောဂါအကြောင်းကို အစီရင်ခံလိုက်သည်။ လူနာနှစ်ယောက် သွေးအန်ခြင်း၊ ကျန်တစ်ယောက်မှာ သွေးဝမ်းသွားခြင်း၊ အခြား သုံးယောက် မျက်လုံးတွင် သွေးခြည်ဥခြင်းတို့ကို ဒေါက်တာဒပ်ချက် အထူးစိတ်ဝင်စားနေသည်။ ဒေါက်တာရစ်ချ်တာသည် အာဖရိကတွင် မျက်စိကုပညာ ညီလာခံ သွားတက်ခဲ့ကြောင်း ပြောတော့-

"ဘုရားရေ၊ ခင်ဗျား ဘာပြောနေတယ်၊ ဘယ်လို အဓိပ္ပာယ်ပေါက်နေတယ် ဆိုတာ သိရဲ့လား"

"သိပ်တော့ မသေချာဘူး ဆရာ"

"အာဖရိကက လာမယ့် ဗိုင်းရပ်စ်သွေးယိုရောဂါဟာ သုံးမျိုးပဲ ရှိတယ်။ လက်ဆာ၊ မာဘတ်ခ်နဲ့ အီဘိုလာပဲ၊ ဘုရားကိုယ်တော်မြတ်ကြီး ကယ်တော်မူပါ"

"ဒါပေမဲ့ ဒေါက်တာရစ်ချ်တာ သွားခဲ့တာ လွန်ခဲ့တဲ့ ခြောက်ပတ်က"

"သေစမ်း၊ ဒီရောဂါတွေရဲ့ အကြာဆုံး ရောဂါပျိုးချိန်ဟာ ၂ ပတ်ပဲ။ ကွာရန်တင်းတောင် ရက်နှစ်ဆယ် လုပ်ရင် လုံလောက်တယ်။ ဒါဆို ဘယ်က ကူးသလဲ၊ ကိစ္စတွေက ပိုရှုပ်လာပြီ"

"ရောဂါလက္ခဏာ မပြခင် နှစ်ရက်က မျောက်ကိုက်ခံရသေးတယ်တဲ့"

"အဲဒါကျပြန်တော့ ရောဂါပျိုးချိန်ဟာ တိုလွန်းသွားပြန်တယ်။ အနည်းဆုံး ၅-၆ ရက်တော့ ရှိရမယ်။ ထားပါတော့၊ အခု အဲဒီမျောက် ရှိသေးလား"

"သီးသန့်ခွဲထားတယ် ဆရာ"

"ကောင်းတယ်၊ ဒီမျောက် ဘာမှ မဖြစ်စေနဲ့၊ တို့ လာရင် ဒီမျောက်ကနေ ဘာဗိုင်းရပ်စ် ထွက်မလဲ စစ်ကြည့်ရမယ်။ အကယ်၍သာ တိရစ္ဆာန်ကနေ လူကို ကူးရိုးမှန်ရင် မာဘတ်ခ် ဗိုင်းရပ်စ်ပဲ။ လက္ခဏာတွေအရတော့ ဗိုင်းရပ်စ်သွေးယိုရောဂါဖြစ်ဖို့ အတော်နီးစပ်တယ်။ သက်သေတော့ ပြရမှာပေါ့။

တကယ်တော့ ဒီလို ကပ်ရောဂါမျိုး ဖြစ်မှာကို တို့ အကြောက်ဆုံးပဲကွဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ ဘာမှ လုပ်စရာ မရှိလို့ပဲ၊ ကာကွယ်ဆေးလည်း မရှိ၊ ကုသဖို့ နည်းလမ်းလည်း မရှိဘူးလေ"

"ရောဂါကြောင့် သေနှုန်းက ဘယ်လောက် ရှိသလဲ ဆရာ"

"တော်တော်များတယ်။ နေဦး၊ ဒေါက်တာရစ်ချ်တာရဲ့အရေပြားမှာ အစက်၊ အပြောက်၊ အကွက်ကလေးတွေ တွေ့သလား"

သူ သတိမထားမိ။ ထို့ကြောင့်-

"ကျွန်မ ပြန်ကြည့်လိုက်ဦးမယ် ဆရာ"

ဟု အဖြေပေးလိုက်ရသည်။

"ကောင်းပြီ၊ လူနာတွေဆီက သွေးရယ်၊ ဆီးရယ်၊ သလိပ် နမူနာရယ် လိုချင်တယ်၊ ပြီးရင် ဒယ်လ်တာလေကြောင်းလိုင်းရဲ့ ပါဆယ်ဌာနက တစ်ဆင့် ဗ-ရ-ဌ ကို ချက်ချင်းပို့၊ သတိတော့ထား၊ ဒါပေမဲ့ ကိုယ်တိုင်လုပ်၊ မျောက်ဆီကလည်း ဆီးတွေ သွေးတွေ ယူနိုင်ရင်ယူ၊ ပြီးရင် ရေခဲခြောက်များများနဲ့ ချက်ချင်းသာ ပို့တော့"

"လူနာအသစ်တစ်ယောက် ထပ်ရောက်နေတာ ရှိတယ်။ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းပဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


"သူ့ဆီကလည်းယူ၊ ကြည့်ရတာ တဖြည်းဖြည်း ဆိုးလာပြီ ထင်တယ်။ သီးသန့်အဆောင် အမြန်စီစဉ်၊ အကာအကွယ်အပြည့်နဲ့ သူနာပြုစနစ် လုပ်ခိုင်း၊ မလိုအပ်တဲ့ ခွတ်ခွဲစမ်းသပ်မှုတွေ တို့ မလာမချင်း မလုပ်စေနဲ့"

"ဆရာကိုယ်တိုင် လာမှာလား"

"ဒါ အရေးပေါ်အခြေအနေလေ၊ တို့ကိုယ်တိုင် လာရမှာပေ့ါ၊ ချက်ချင်းတော့ လာလို့မရသေးဘူး၊ ရွှေ့လျားခွတ်ခွဲခန်းလုပ်ဖို့ စီစဉ်ရဦးမယ်။ လူနာ နဲ့ ထိတွေ့မိတဲ့လူတွေ အားလုံးကို ကွာရန်တင်းလုပ်ဖို့ စီစဉ်ထားပါ။ အာဖရိက မျက်စိကုညီလာခံ စပွန်ဆာပေးတဲ့ လူတွေနဲ့ ဆက်သွယ်နိုင်အောင် ကြိုးစားပါ။ အဲဒီညီလာခံတက်တဲ့ အခြားဆရာဝန်တွေမှာကော ဒီလို ရောဂါမျိုး ဖြစ်နေသလား စုံစမ်း၊ မီဒီယာကို ဘာတစ်ခွန်းမှ မပြောနဲ့၊ ပြည်သူလူထုဟာ အေ့ဒ်စ်နဲ့တင် ကူးစက်ရောဂါ ဆိုရင် တစ်ခါ ဆက်ဆံ ဆယ်ခါလန့် ဖြစ်နေပြီ။ အေ့ဒ်စ်ထက် အဆတစ်ရာလောက် မြန်မြန်သေစေတဲ့ ဗိုင်းရပ်စ်ကပ်ရောဂါ ဆိုရင် ကြောက်တာနဲ့တင် အသက်ထွက်ကုန်လိမ့်မယ်။

ဩော်– မာရီဆာ၊ လူနာကြည့်ရင် အကာအကွယ် အပြည့်အစုံ ဝတ်ပါနော်၊ မျက်လုံးကာတဲ့ ကော်ပြားပါဝတ်၊ မရှိရင် ရောဂါဗေဒဌာနမှာ တောင်း၊ တို့ တတ်နိုင်သမျှ အမြန်ဆုံး လာခဲ့မယ်"

ဖုန်းချလိုက်တော့ မာရီဆာ တုန်တုန်ယင်ယင် ဖြစ်နေသည်။ တကယ်ပဲ သေလောက်တဲ့ ဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်တော့မှာလား။ သူ့မှာကော ရောဂါ ကူးနေပြီလား။

မီဒီယာကို ဘာတစ်ခွန်းမှ မပြောနဲ့တဲ့။ ခုနကပဲ အယ်လ်အေတိုင်းက သတင်းထောက်ကို သူ ပြောမိသွားပြီ။ အို– ဘာပဲဖြစ်ဖြစ် ဒပ်ချက် လာမှာပဲ။

☠

ဒေါက်တာနာဗာရိုကို အကျိုးအကြောင်း ပြောပြပြီး သူနာပြုတစ်ယောက်၏ အကူအညီဖြင့် လူနာများထံမှ လိုအပ်သော ဆီး၊ သွေး၊ သလိပ် နမူနာများကို သတိကြီးစွာထား၍ သူကိုယ်တိုင် ယူ၏။ ဒေါက်တာနာဗာရိုကို ကွာရန်တင်း လုပ်ရန် ညွှန်ကြား၏။ ဗိုင်းရပ်စ်သွေးယိုရောဂါ ဖြစ်နိုင်သည်ဟု ဒေါက်တာ

mgyoe.com

mgyoe.com

ဒပ်ချက်က သံသယ အလွန်ရှိကြောင်း ပြောလိုက်သောအခါ ဒေါက်တာနာဗာရီ အတော်တုန်လှုပ်သွားသည်။

ဒပ်ချက်၏ အကြံပေးချက်ကို လိုက်နာသောအားဖြင့် မာရီဆာသည် မျက်စိကာကိုပါ ဝတ်ဆင်၏။ မျက်လုံးမှတစ်ဆင့် ရောဂါကူးနိုင်သည်ဟု တစ်ခါမှ မထင်ခဲ့ဖူးသော်လည်း ဗိုင်းရပ်စ်လို ရောဂါပိုးမျိုးတွင် အကာအကွယ်သည် များလေ ကောင်းလေ ဖြစ်သည်။

မာရီဆာသည် မျောက်ကိုတော့ သွေးနမူနာ မယူလိုက်နိုင်။

ထိုမျောက်ကို ထိန်းသောဝန်ထမ်း မရှိသည့်အတွက် သူတစ်ယောက်တည်း မကိုင်တွယ်ချင်။ မျောက်ကြည့်ရသည်မှာ အလွန်ကျန်းမာပုံရသည်။ သို့သော် သူ့ကို ချစ်ပုံမရ။ လှောင်အိမ်ထဲမှ နေ၍ မစင်တုံးများဖြင့် သူ့ကို ပေါက်ဖို့ ကြိုးစားနေသည်။

ဆီး၊ သွေး၊ သလိပ် နမူနာများ အားလုံးကို စနစ်တကျ ခွဲခြား ထုပ်ပိုးပြီး လေဆိပ်သို့ သူကိုယ်တိုင် သွားပို့ခဲ့သည်။ အခုဆိုလျှင် ထိုအရာများသည် အတ္တလန်တာသို့ သွားနေကြပြီ ဖြစ်၏။ အဆင်ပြေ ချောမွေ့စွာ လုပ်နိုင်ခဲ့သည် ကပဲ ကံကောင်းလှပြီ။

ရစ်ချ်တာဆေးခန်းသို့ ရောက်လျှင် ရောက်ချင်း စာကြည့်တိုက်သို့ တန်းသွားသည်။ ဗိုင်းရပ်စ်ဗေဒကျမ်းတွေ လိုက်ရှာသည်။ တွေ့သောအခါ လက်ဆာ၊ မာဘတ်ခ်နဲ့ အီဘိုလာဗိုင်းရပ်စ်အခန်းကဏ္ဍကို လှန်၏။ ဖုန်းဆက်တုန်းက ဒပ်ချက် ဘာကြောင့် ဖုတ်ပူမီးတိုက် ဖြစ်နေသလဲ ဆိုတာ ခုတော့ သူ သိပြီ ထင်၏။ ထိုဗိုင်းရပ်စ်များသည် ကမ္ဘာပေါ်တွင် ရှိရှိသမျှ ရောဂါပိုး အားလုံးထက် ပို၍ လူကို သေစေနိုင်သည်ကော။

ငါးထပ်ကို ပြန်ရောက်တော့ လူနာ အားလုံး သီးခြားခွဲထားပြီးပြီ။ သူ မှာထားသော ရောဂါရာဇဝင်မှတ်တမ်းများလည်း ရောက်နေပြီ။ အချိန်မဆွဲဘဲ သူ ချက်ချင်း လေ့လာလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဟာရိုးလ်စတီဖင်၊ အိမ်ခြံမြေ အကျိုးဆောင်။
နောက်ဆုံး ပြသခဲ့သည့်ဆရာဝန် ဒေါက်တာရစ်ချ်တာ
ရောဂါ- မျက်လုံးတိမ်စွဲခြင်း
နောက်ဆုံး ရောဂါပြသခဲ့သည့် ရက်စွဲ- ဇန်နဂါရီ ၁၅ ရက်
အခု ရောဂါဖြင့် ဆေးရုံမတက်မီ လေးရက်အလို။

☠

လူနာတိုင်း၏ ရောဂါမှတ်တမ်းကို ကြည့်လေလေ သေချာလေလေ ဖြစ်လာတာ တစ်ခုက ဆေးမှတ်တမ်း႒ာနစာရေးမ ဟယ်လင်တောင်းဆန့်နှင့် အခု လူနာအသစ် အယ်လင်ကလွဲ၍ ကျန်လူနာများသည် ဇန်နဝါရီ ၁၅ နှင့် ၁၆ ရက်နေ့များတွင် ဒေါက်တာရစ်ချ်တာထံ ရောက်ရှိဆေးကုသခံခဲ့ကြခြင်း ဖြစ်သည်။ မစ္စတောင်းဆန့်၏ နောက်ဆုံး လူနာမှတ်တမ်းမှာ သားအိမ်တွင် အရည်ကြည်အိတ် တည်သည့်အတွက် သားဖွားမီးယပ်ဆရာဝန်နှင့် ပြခဲ့သည့်အကြောင်း ဖြစ်သည်။ အယ်လင်၏ နောက်ဆုံး လူနာမှတ်တမ်းကတော့ ဘတ်စကက်ဘော ကစားရင်း ခြေချင်းဝတ် လည်သွားသည့်အတွက် အရိုးအထူးကုနှင့် ပြခဲ့ခြင်း။ သူတို့ နှစ်ယောက်မှအပ ကျန်လူနာများသည် ဒေါက်တာရစ်ချ်တာနှင့် တွေ့ပြီးနောက်ပိုင်းမှ ရောဂါ ဖြစ်လာသည် ဆိုခြင်းကြောင့် ဒေါက်တာရစ်ချ်တာသည် ယခု ရောဂါပြန့်ပွားရာ ပင်မရင်းမြစ်ဟု များစွာ သံသယဖြစ်ဖွယ် ကောင်းလာသည်။

အယ်လင် ဟူသော ဓာတ်ခွဲခန်း ကျွမ်းကျင်လူငယ်မှာ အပ်စူးမိရာက ရောဂါကူးစက်နိုင်ဖွယ် ရှိသော်လည်း တောင်းဆန့် ဘယ်လို ရောဂါကူးသည် ဆိုခြင်းကိုတော့ စဉ်းစား၍ မရ။ တောင်းဆန့်သည် ဒေါက်တာရစ်ချ်တာနှင့် တစ်ပတ်အတွင်း တစ်နေရာရာတွင် တွေ့ခဲ့ပုံပေါ်သည်။ ရစ်ချ်တာ ဖြစ်ပြီး ၄၈ နာရီအတွင်း ရောဂါဖြစ်သည်က တောင်းဆန့်ပင်။ ကြည့်ရတာ တစ်ခါတည်း တွေ့ခြင်း မဟုတ်၊ အကြိမ်ကြိမ် အခါခါ တွေ့ပုံရသည်။

☠

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါက်တာနာဇာရီထံမှ အကြောင်းကြားလာသည်။ ဆေးရုံအစည်းအဝေးခန်းမသို့ အမြန်ဆုံးလာခဲ့ပါတဲ့။

သည်နေ့ တစ်နေ့လုံး တစ်မိနစ်တောင် မနားရသေး၊ ဒေါက်တာနာဇာရီသည် သူ့ကို ဆေးခန်း၏ ပူးတွဲပိုင်ရှင် ဝီလီယံ ရစ်ချ်တာနှင့် မိတ်ဆက်ပေး၏။ ဝီလီယံသည် သပ်ရပ်သားနားစွာ ဝတ်စားထားသော်လည်း ပင်ပန်းမှုနှင့် သောကရောက်မှုကြောင့် မျက်နှာသည် ချောင်ကျလျက် ရှိသည်။

"ဆရာမ ခုလို ချက်ချင်း ရောက်လာတာ ကျေးဇူးတင်ပါတယ်။ ခုပြဿနာနဲ့ ပတ်သက်လို့ ဆရာမရဲ့ ထင်မြင်ချက်ကိုလည်း ကြားပြီးပါပြီ။ လိုသမျှအားလုံး ကျွန်တော်တို့ ထောက်ပံ့ပေးပါ့မယ်။ တစ်ခုတော့ တောင်းပန်ချင်တယ်။ ဒီသတင်း အပြင်ကို မပြန့်စေချင်ဘူး"

ဒပ်ချက်ကလည်း သူ့ကို သည်အတိုင်း ပြောခဲ့သေးသည်။

"ကျွန်မ သဘောပေါက်ပါတယ်၊ ကျွန်မတို့ ကွာရန်တင်း အစီအမံတွေကို အခုထက် ပိုပြီး လုပ်ကြရလိမ့်မယ်"

မာရီဆာသည် ဒေါက်တာနာဇာရီနှင့် ဝီလီယံရစ်ချ်တာတို့ကို ကွာရန်တင်းလုပ်ရမည့်သူများအကြောင်းကို ရှင်းပြနေ၏။

အလွန်ပြင်းထန်ဆိုးဝါးသည့် မြန်နှုန်းမြင့် ကူးစက်ရောဂါများအတွက် လူနာများနှင့် စတင်ထိတွေ့သူ မှန်သမျှကို မူလထိတွေ့သောအုပ်စု။ ထိုသူများနှင့် ထပ်မံထိတွေ့သူ အားလုံးကို တစ်ဆင့်ခံ ထိတွေ့သောအုပ်စုဟု ခွဲခြားပြီး အားလုံးကို ကွာရန်တင်းလုပ်ဖို့ လိုသည်။

"ဘုရားရေ၊ ဒါဆို လူပေါင်း ထောင်ချီမှာပေါ့"

ဒေါက်တာနာဇာရီက ညည်းတွားလိုက်၏။

"အဲဒီလောက် ဖြစ်သွားနိုင်တာပေါ့၊ ဆေးခန်းမှာ ရှိတဲ့ လူအင်အားအကုန်သုံးရလိမ့်မယ်။ မလောက်သေးရင် ပြည်နယ် ကျန်းမာရေးဌာနက လူအင်အားပါ သုံးဖို့ လိုကောင်းလိုမယ်"

မစ္စတာဝီလီယံရစ်ချ်တာက–

"လူအင်အားရအောင် ကျွန်တော်တို့ စီမံပါ့မယ်။ ဒါပေမဲ့ ရောဂါသေချာတဲ့အထိ စောင့်လို့ မရဘူးလား"

"မရဘူးရှင့်၊ သိပ်နောက်ကျသွားလိမ့်မယ်၊ မလိုအပ်ရင် ကွာရန်တင်းကို အချိန်မရွေး ပြန်ရုပ်သိမ်းလို့ ရပါတယ်"

mgyoe.com

"ဒါဆို မီဒီယာတွေကို ဖုံးကွယ်ထားဖို့ မဖြစ်နိုင်တော့ဘူးပေါ့"

"အမှန်ပြောရရင် မဖြစ်နိုင်ဘူး။ ကျွန်မတို့ဟာ မီဒီယာကိုတောင် သုံးပြီး ထိတွေ့သူတွေကို ကွာရန်တင်းလုပ်ဖို့ လိုတယ်။ မူလ ထိတွေ့သူတွေကို တစ်ပတ်တိတိ သီးခြားခွဲထားပြီး ကိုယ်အပူချိန်ကို တစ်ရက် နှစ်ကြိမ် တိုင်းရမယ်။ အပူချိန် ၁၀၁ ဒီဂရီ ကျော်တာနဲ့ ချက်ချင်း ဆေးရုံလာဖို့ ဆော်သြရမယ်။ တစ်ဆင့်ခံ ထိတွေ့သူတွေကတော့ ပုံမှန်အတိုင်း အလုပ်လုပ်နိုင်ပေမယ့် အဖျားတော့ တစ်ရက် တစ်ကြိမ် ပုံမှန်တိုင်းဖို့ လိုတယ်"

မာရီဆာသည် မတ်တတ်ရပ်ပြီး အညောင်းဆန့်လိုက်သည်။

"ကျွန်မရဲ့ဘော့စ် ဒေါက်တာဒပ်ချက်ရောက်ရင် သူ ထပ်ပြီး ရှင်းပြပါ လိမ့်ဦးမယ်။ အခု ကျွန်မ ပြောခဲ့တာတွေက ကပ်ရောဂါနှိမ်နင်းရေးနဲ့ ပတ်သက် လို့ ဗ-ရ-၄ ရဲ့ စံတွေပါပဲ။ ရစ်ချ်တာဆေးခန်းမှာ ဒါတွေ အရင်ဆုံး စီမံ ဆောင်ရွက်ရမယ်။ ပြီးရင် ဗိုင်းရပ်စ် ဘယ်က အစပြုခဲ့သလဲ ဆိုတာ ရှာရမယ်"

မာရီဆာသည် အစည်းအဝေးခန်းမှ ထွက်လာခဲ့သည်။ ဒေါက်တာ ရစ်ချ်တာ၏ ရုံးခန်းကို သွားရမည်။ သူ့အခန်းက ဒုတိယထပ်တွင် ဖြစ်၏။ တံခါးပိတ်ထားသည်။ သော့တော့ မခတ်ထား။ အခန်းတံခါးခေါက်ပြီး တွန်းဝင် လိုက်သည်။ အထဲမှာ ဒေါက်တာရစ်ချ်တာ၏ ဧည့်ကြိုအမျိုးသမီး ရှိသည်။ မည်သည့် ဧည့်သည်ကိုမှ မမျှော်လင့်ထားသော ဧည့်ကြိုအမျိုးသမီးသည် ဆေးလိပ်သောက်လျက် ရှိသည်။

မာရီဆာကို မြင်မှ စီးကရက်မီး ကမန်းကတန်း ငြိမ်းလိုက်သည်။

"ကျွန်မ ဘာကူညီရမလဲရှင့်"

ဧည့်ကြိုအမျိုးသမီးသည် အသက် ငါးဆယ်ခန့်ရှိပြီ။ ဘော်ငွေရောင် ဆံပင်ဖြင့်။ ရင်ဘတ်တွင် ရေးထိုးထားသော ဝန်ထမ်းကတ်ထဲတွင် သူ့အမည် မစ္စကာဗင်နာ ဟု ဆိုသည်။ မာရီဆာက သူ ဘယ်သူ ဆိုတာကို ခပ်မြန်မြန် ရှင်းပြလိုက်ပြီး-

"ဒေါက်တာရစ်ချ်တာဟာ ရောဂါ ဘယ်လို ရလာတာလဲ ဆိုတာ ကျွန်မ စုံစမ်းနေတယ်။ ပြီးခဲ့တဲ့ နှစ်ပတ်အတွင်း သူ့ရဲ့ အလုပ်ဇယား အချိန် အတိအကျ ကို လိုချင်ပါတယ်။ သူ့ဇနီးကိုလည်း ကျွန်မ မေးဦးမှာပါ"

"ရပါတယ်ရှင့်၊ ကျွန်မ လုပ်ပေးပါ့မယ်"

"ရောဂါ မဖြစ်ခင် တစ်ခုခု ထူးခြားတာများ သတိပြုမိသလား"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဘယ်လို ဟာမျိုးပါလိမ့်"

"မျောက်ကိုက်ခံရတာတို့၊ ပိုက်ဆံအိတ် အလုခံရတာတို့ပေါ့"

မာရီဆာက သူ သိပြီးသော ကိစ္စများကို ပြောလိုက်သည်။

"ဟုတ်တယ်လေ၊ အဲဒါတွေ ဖြစ်ခဲ့ပြီးပြီ၊ ဩော်... သူ ကား နည်းနည်း ထိခိုက်သွားသေးတယ်"

"အင်း- အဲဒါမျိုးတွေ နည်းနည်း စဉ်းစားကြည့်ပါဦး၊ ဒါနဲ့ သူ အာဖရိက သွားတော့ ရှင်ပဲ စီစဉ်ပေးရတာလား"

"ဟုတ်ကဲ့"

"ဆန်ဒီယာကို သွားတုံးကကော"

"ကျွန်မပဲ စီစဉ်တာပါ"

"အဲဒီတုန်းက စပွန်ဆာပေးတဲ့ သူတွေရဲ့ ဖုန်းနံပါတ်တွေ လိုချင်ပါ တယ်။ ပြီးခဲ့တဲ့ နှစ်ပတ်အတွင်း ဒေါက်တာရစ်ချ်တာ ကြည့်ခဲ့တဲ့ လူနာစာရင်း လည်း လိုချင်တယ်။ ဒါနဲ့ ဟယ်လင်တောင်းဆန့်ကိုကော သိပါသလား"

မစ္စကာဗင်နာသည် မျက်မှန်ချွတ်ပြီး သက်ပြင်းချလိုက်သည်။

"ဟယ်လင်တောင်းဆန့်ကကော ဒေါက်တာရစ်ချ်တာ ဖြစ်တဲ့ ရောဂါ မျိုး ဖြစ်နေတာလား"

"ဟုတ်တယ်ရှင့်၊ သူက ဒေါက်တာရစ်ချ်တာရဲ့ လူနာလား"

"သူက လူနာ မဟုတ်ဘူး၊ ချစ်သူ၊ ကျွန်မ ဒေါက်တာကို အကြိမ်ကြိမ် သတိပေးပါတယ်။ ဟယ်လင်ဟာ ပျံတန်တန် နန့်တန့်တန့်ကလေးမို့ သူ့ဆီက ရောဂါဆိုးတွေ ကူးလိမ့်မယ်လို့၊ ဒေါက်တာက ကျွန်မ စကား နားမထောင် ဘူးလေ"

"ဒေါက်တာရစ်ချ်တာ ရောဂါမဖောက်ခင် ဟယ်လင်နဲ့ တွေ့သေး သလား"

"ရောဂါ မဖောက်ခင် တစ်ရက်က သူတို့ တွေ့ကြသေးတယ်"

မာရီဆာသည် ဧည့်ကြိုအမျိုးသမီးကြီးကို ငေးကြည့်နေမိသည်။ တကယ်တော့ ဟယ်လင်တောင်းဆန့်က ဒေါက်တာရစ်ချ်တာကို ရောဂါပေး ခြင်း မဟုတ်ပါ။ ဒေါက်တာရစ်ချ်တာကသာ အားလုံးကို ရောဂါလိုက်ပေးခြင်း ဖြစ်၏။ ကပ်ရောဂါဗေဒစကားဖြင့် ဆိုသော် ဒေါက်တာ ရစ်ချ်တာသည် မူလ ရောဂါ စတင်ဖြစ်ပွား ဖြန့်ဖြူးသူ (Inde_case) ဖြစ်သည်မှာ ပို၍ သေချာလာ

mgyoe.com

mgyoe.com

SAMPLE BOOK


၏။ သူ့အလုပ်ချိန်များကို အတိအကျ ပြန်လည် ဖော်ထုတ်ရန် အလွန် လိုအပ်လာပြီ။

မာရီဆာက မစ္စကာဗင်နာကို သူ တောင်းဆိုထားသည်များ အမြန်လုပ်ပေးရန် ပြော၏။ ကာဗင်နာက-

"ကျွန်မ တစ်ခုလောက် သိချင်သေးတယ်"

"ဘာများလဲရှင့်"

"ဒီရောဂါဟာလေ ကျွန်မကိုများ ကူးစက်နိုင်မလား"

မာရီဆာ သက်ပြင်းချလိုက်သည်။ သူသည် မလိုအပ်ဘဲ ထိုအမျိုးသမီးကြီးကို ကြောက်ရွံ့ထိတ်လန့်ခြင်း မဖြစ်စေလိုပါ။ သို့သော် ညာပြော၍လည်း မဖြစ်။ မစ္စကာဗင်နာသည် ဒေါက်တာရစ်ချ်တာနှင့် အနီးကပ် ထိတွေ့ထားသည့် မူလထိတွေ့သူ အုပ်စုဝင် မဟုတ်လား။

"ရောဂါ ကူးနိုင်ခြေ ရှိတယ်။ ဒါကြောင့် တစ်ပတ်အတွင်း အသွားအလာ အနေအထိုင် ဆင်ခြင်ရမယ်။ ကျွန်မတို့ ရှင့်ကို တစ်ရက် အဖျား နှစ်ကြိမ်တိုင်းပေးမယ်။ ဒါပေမဲ့ အခုထက်ထိ ဘာမှ မဖြစ်သေးရင် ဖြစ်ဖို့ အလားအလာတော့ အင်မတန် နည်းပါတယ်"

☠

မာရီဆာသည် မစ္စကာဗင်နာကို နှစ်သိမ့်ခဲ့သော်လည်း သူကိုယ်တိုင်ကတော့ ကြောက်လန့်လျက် ရှိသည်။ ရောဂါကူးနိုင်ခြေက သူ့အတွက်ကော နည်းရဲ့လား။ အဆမတန် အလုပ်လုပ်ခဲ့မှုကြောင့် ပင်လည်း ပင်ပန်းလှပြီ။ အနား မယူနိုင်သေး။ မှတ်တမ်းတွေ ပြန်ကြည့်သည်။ ဒေါက်တာရစ်ချ်တာရဲ့ လူနာတွေမှာ အချို့က ရောဂါ ဖြစ်ပြီး အချို့က မဖြစ်တာ ဘာကြောင့်လဲ။ ဒေါက်တာရစ်ချ်တာ၏ အမျိုးသမီးထံလည်း ဖုန်းဆက်ရမည်။ ဧည့်ကြိုနှင့် မိန်းမ နှစ်ယောက်ဆီက ရသော သတင်းအချက်အလက်များဖြင့် လွန်ခဲ့သည့် နှစ်ပတ်အတွင်းက ဒေါက်တာရစ်ချ်တာ၏ ပုံရိပ်လွှာကို ပုံဖော်နိုင်ကောင်းပါရဲ့။

ငါးထပ်သို့ ပြန်တက်ခဲ့သည်။ ဒေါက်တာနာဗာရီနှင့် တွေ့သည်။ သူလည်း မာရီဆာ့နည်းတူ ပင်ပန်းလှပြီ။

mgyoe.com

mgyoe.com

"ဒေါက်တာရစ်ချ်တာ အခြေအနေ အတော်ဆိုးနေပြီဗျ၊ နေရာအနှံ့ သွေးတွေ ယိုနေတယ်။ ဆေးထိုးထားတဲ့ အပ်ပေါက်ရာတွေ၊ သွားဖုံးတွေနဲ့ အစာအိမ်အူလမ်းကြောင်း နေရာစုံကပဲ။ ကျောက်ကပ်လည်း ပျက်စီးသွားပြီ ထင်တယ်။ သွေးပေါင်တွေ ထိုးကျနေတယ်။ နောက်ဆုံး ကြိုးစားတဲ့အနေနဲ့ ကျွန်တော်တို့ အင်တာဖရွန်ထိုးဆေး ထိုးကြည့်တယ်။ ဘာမှ အကြောင်း မထူးဘူး။ ဘာဆက်လုပ်ရမှန်းကို မသိတော့ပါဘူးဗျာ"

"ဟယ်လင်တောင်းဆန့်ကော"

"သွေးစယိုနေပြီ၊ သူလည်း ဆိုးတာပဲ"

မာရီဆာသည် အတွေ့လန့်တာသို့ ချက်ချင်း ဖုန်းဆက်သည်။ လမ်းမှာ ရောက်နေပြီဟု ယူဆထားသော ဒပ်ချက်နှင့် တွေ့၏။ သူ မလာသေး။

"ဒီမှာ အခြေအနေ အတော်ဆိုးနေပြီ ဆရာ၊ ပထမဆုံး စဖြစ်တဲ့ လူနာ နှစ်ယောက် သွေးယိုနေပြီ။ ဗိုင်းရပ်စ် သွေးယိုရောဂါလို့ ပြောလို့ ရပြီ ထင်တယ်။ ဘယ်လို လုပ်ပေးရမှန်းလည်း မသိကြဘူး"

"တကယ်တော့ ဘာမှ လုပ်ပေးစရာ သိပ်မရှိလှဘူး ကလေးမ၊ သွေးမခဲဆေး ထိုးချင်ထိုး၊ ဒီလောက်ပဲ လုပ်လို့ ရမယ်၊ ဘာကောင်ကြောင့် ဖြစ်သလဲ သိရင်တော့ ဟိုက်ပါအက်တစ် အင်မြူးဆီရမ်တို့ဆီမှာ ဖော်ထုတ် နိုင်ကောင်းပါရဲ့။ သြော်- မင်း ပို့လိုက်တဲ့ နမူနာတွေ ရပြီ၊ တက်ဒ် ဆက်လုပ် နေတယ်"

"ဆရာ ဘယ်တော့ လာမှာလဲ"

"အခုပဲ၊ လေယာဉ်ကွင်းခြံခန်းအတွက် ပစ္စည်းတွေ ထုပ်ပိုးတာ စောင့်နေလို့"

"ဟုတ်ကဲ့ပါ ဆရာ၊ မြန်မြန်လေးနော်"

ဖျတ်ခနဲ မာရီဆာ လန့်နိုးသွားသည်။ နာရီကို ကြည့်တော့ ည ဆယ်နာရီ တစ်ဆယ့်ငါး။ သူ ဆယ့်ငါးမိနစ်လောက် ငုတ်တုတ်ကြီး အိပ်ပျော် သွားခဲ့သည်ပေါ့။ တော်ပါသေးရဲ့၊ ဘယ်သူမှ မရှိလို့။

မတ်တတ် ထရပ်လိုက်တော့ မိုက်ခနဲ ဖြစ်သွားသည်။ ခေါင်းတွေက

mgyoe.com

လည်း တဒိန်းဒိန်းကိုက်ပြီး လည်ပင်းကလည်း နာလာသည်။ ပင်ပန်းလွန်းလို့ ဖြစ်တဲ့ လက္ခဏာတွေ ဖြစ်မှာပါ။

ဗိုင်းရပ်စ် သွေးယိုရောဂါများလား။ ဘုရား- ဘုရား။

သေချင်စော်နံလောက်အောင် ပင်ပန်းသော နေ့ပါပဲ။ နောက်ထပ် လူနာ လေးယောက် အရေးပေါ်ခန်းကို ထပ်ရောက်လာသည်။ အားလုံးမှာ ခေါင်းကိုက်၊ ချမ်းဖျားတက်၊ အော့အန်၊ တူညီသော လက္ခဏာများနှင့်။

တစ်ယောက်က သွေးပင် စယိုနေပြီ၊ ပြီးတော့ မူလ လူနာများနှင့် စတင် ထိတွေ့သော အိမ်သားတွေချည်းသာ။ ကွာရန်တင်းကို ချက်ချင်းလုပ်မှ ဖြစ်တော့မည်။ ဗိုင်းရပ်စ်သည် ဒေါက်တာရစ်ချ်တာ၊ သူ့လူနာများနှင့် သူတို့ အိမ်သားများ မျိုးဆက်သုံးဆက် ကူးပြီးပြီ။ မာရီဆာသည် သွေးထုတ်၊ ဆီးယူ၊ သလိပ်ယူ၍ အတ္တလန်တာသို့ ပို့လိုက်ပြန်သည်။

သူ သည်ထက် ဆက်မလုပ်နိုင်တော့။ အားကုန်ပြီ။ အစွမ်းကုန်ပြီ။

မိုတယ်သို့ ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။ ပြန်မည်လုပ်ခါမှ ဒေါက်တာ ရစ်ချ်တာ၏ ဇနီးက သူ့ကို တွေ့ချင်ပါသတဲ့။ မတွေ့နိုင်ဟု ပြောဖို့ကလည်း ရက်စက်လွန်းရာ ရောက်မည်။ ကဲ- တွေ့မည်။

ဆေးရုံဧည့်ခန်းတွင် အင်နာရစ်ချ်တာ ထိုင်စောင့်နေ၏။ အသက် သုံးဆယ်ခန့်၊ ခပ်ချောချော အမျိုးသမီးမှာ သူ့ခင်ပွန်း လွန်ခဲ့သည့် နှစ်ပတ်အတွင်း ပြုမူ ဆောင်ရွက်ခဲ့သမျှကို သူ မှတ်မိသလောက် ရေးခဲ့ရှာသည်။

ခင်ပွန်းသည်အတွက်ရော လူမမည်ကလေး နှစ်ယောက်အတွက်ပါ သောကရောက်ပွေနေရှာသော မစ္စစ်ရစ်ချ်တာအပေါ် သူ ရက်စက်လွန်းရာများ ကျနေသလား။

သို့သော် မစ္စစ်ရစ်ချ်တာက နောက်နေ့တွင် မှတ်မိသလောက် ထပ်ပေး ဦးမည် ဆိုသဖြင့် ကျေးဇူးတင်စွာဖြင့် အပြင်လိုက်ပို့လိုက်သည်။ ဘီအမ်ဒဗလျူ ကားသစ်ကြီး စီးပြီး မစ္စစ်ရစ်ချ်တာ ပြန်သွားသည်နှင့် သူလည်း မိုတယ်သို့ ပြန်ကာ တစ်ချီးတည်း တန်းအိပ်တော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၃ )

**ဇန်နဝါရီ ၂၂ ရက်နေ့**

မနက်စောစော ရစ်ချ်တာဆေးခန်းကိုရောက်တော့ ဆေးရုံအပေါက်ဝတွင် တီဗွီရိုက်ကူးရေးကားများ တင်းကျမ်း ပြည့်နှက်နေသည်ကို တွေ့လိုက်ရသည်။ အထဲဝင်မည်လုပ်တော့ ရဲတစ်ယောက်က တား၏။

"တစ်ဆိတ် ခင်ဗျာ၊ ဒီဧရိယာကို ကွာရန်တင်း လုပ်ထားပါတယ်"

အတော် ရယ်ချင်သွားသည်။ ကွာရန်တင်းလုပ်ဖို့ ညွှန်ကြားခဲ့သည့်လူကို ကွာရန်တင်း လုပ်ထားသည့်အတွက် မဝင်ရတဲ့။ ဗ-ရ-ဌ ဝန်ထမ်းကတ်ပြလိုက်မှ အဆင်ပြေသွားသည်။

သူ မရှိသည့် ခြောက်နာရီခန့်သော အချိန်အတောအတွင်း ဘာတွေဖြစ်ကုန်ပါလိမ့်။ တီဗွီ ကေဘယ်လ်ကြိုးများသည် အစည်းအဝေးခန်းမဆီသို့ ဦးတည်နေသည်။ ဟောဟိုမှာ ဒေါက်တာနာဗာရို။ ဘာဖြစ်နေမှန်း သူ့ကို မေးရမည်။

"ခင်ဗျားတို့ ဗ-ရ-ဌ က လူတွေ ရောက်နေပြီလေ။ ချက်ချင်း သတင်းစာရှင်းလင်းပွဲလုပ်ဖို့ ပြင်ဆင်နေတာ"

mgyoe.com

ဒေါက်တာနာဗာရီသည် တစ်ညလုံး အိပ်ရသေးပုံ မပေါ်။ ချိုင်းကြား ညှပ်ထားသော သတင်းစာကို မာရီဆာ့အား ပြလိုက်သည်။

မျက်နှာဖုံး သတင်းက 'အေ့ဒ်စ်ကပ်ရောဂါအသစ် ဆိုက်ကပ်ခြင်း' တဲ့။ ဘုရားရေ- ကလာရန်ဟမ်းစ်နှင့် သူ စကားပြောနေသော ဓာတ်ပုံကြီးက ပြူးလျက်။

"ဒေါက်တာဒပ်ချက်က ဒီလို ကိစ္စမျိုးတွေ ထပ်မဖြစ်ဖို့ သတင်းစာ ရှင်းလင်းပွဲလုပ်မှ ဖြစ်မယ်တဲ့"

ဒေါက်တာ နာဗာရီက ပြောလိုက်သည်။

မာရီဆာသည် အရှိုက်ကို အထိုးခံလိုက်ရသလို မရှုနိုင် မကယ်နိုင် ဖြစ်နေသည်။

"သူ ကျွန်မကို မနေ့က လာပြီး မေးတယ်။ တကယ်တော့ ကျွန်မ သူ့ကို ဘာမှ မပြောလိုက်ပါဘူး"

ဟု ကယောင်ကတမ်း ကာကွယ်နေ၏။

"ကိစ္စမရှိပါဘူးဗျာ၊ ဒေါက်တာရစ်ချ်တာလည်း ညက ဆုံးသွားပြီ။ နောက်ထပ် လူနာ လေးယောက်လည်း ထပ်ရောက်လာတယ်။ ကျွန်တော်တို့ ဒီသတင်းကို ဘယ်လိုမှ ဖုံးဖိထားလို့ မရနိုင်တော့ဘူး"

ဟု မာရီဆာ့ ပခုံးလေးကို ကိုင်ရင်း နှစ်သိမ့်လိုက်သည်။

"ဒေါက်တာဒပ်ချက် ဘယ်အချိန် ရောက်လဲဟင်"

"သန်းခေါင်ကျော်လောက်ကဗျ"

"ဘာလို့ ရဲတွေ ခေါ်ထားတာလဲ"

ဆေးရုံအပေါက်ဝမှာ မားမားကြီး ရပ်နေသော ရဲသားကြီးတွေကို မေးငေါ့ရင်း မေးလိုက်သည်။

"ဒေါက်တာရစ်ချ်တာလည်း သေတယ် ကြားရော လူနာတွေဟာ လက်မှတ်ထိုးပြီး အတင်းအဓမ္မ ဆေးရုံဆင်းမယ် လုပ်ကြပါလေရော၊ ဒါနဲ့ပဲ ပြည်နယ်ကျန်းမာရေး ကော်မရှင်နာမင်းကြီး အမိန့်နဲ့ ဒီအဆောက်အအုံ တစ်ခု လုံးကို ကွာရန်တင်း လုပ်ခိုင်းလိုက်ပြီလေ"

မာရီဆာသည် သတင်းစာ ရှင်းလင်းပွဲလုပ်သည့် နေရာသို့ သွားလိုက် သည်။ ဒေါက်တာဒပ်ချက် ရောက်လာပြီး တာဝန်လွှဲပြောင်းယူလိုက်သည့် အတွက် ဝမ်းမြောက်မိသော်လည်း သူ့ကို မဆက်သွယ်သည့်အတွက် စိတ်ဆိုး

mgyoe.com

mgyoe.com SAMPLE BOOK

စနိုးစနောင့် ဖြစ်မိသည်။ အခန်းထဲရောက်တော့ ဒပ်ချက်က သတင်းစာ ရှင်းလင်းပွဲကို စနေပြီ။

ဒပ်ချက်၏ တည်ငြိမ်သော ဟန်၊ မာန်နှင့် ဥပမိရုပ်တို့ကြောင့် ခန်းမ တစ်ခုလုံး ငြိမ်ကျသွားသည်။ ဒေါက်တာဒပ်ချက်က ဗ-ရ-၅ မှ ပညာရှင်များ နှင့် စာနယ်ဇင်းသမားများကို မိတ်ဆက်ပေးသည်။ ကပ်ရောဂါဗေဒ ဌာနမှူး ဒေါက်တာ မာ့ခ်ဗရီလန်၊ ဗိုင်းရပ်စ်ဗေဒဌာန ညွှန်ကြားရေးမှူး ဒေါက်တာပီရာ့စ် အပ်ဘော့ထ်၊ ကူးစက်ရောဂါဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ကာလပ်လိန်းနှင့် ကူးစက်ရောဂါထိန်းချုပ်ရေးစင်တာ ညွှန်ကြားရေးမှူး ဒေါက်တာ ပေါလ်အက်ကန် စတိန်း၊ ဗ-ရ-၅ ၏ ဆင်ကြီးများ၊ ကျားကြီးများ၊ ခြင်္သေ့ကြီးများ အားလုံး အစုံအလင် ကြွမြန်းလာကြသည်ကိုး။

ဒပ်ချက်က အဖြစ်အပျက်ကို သတင်းစာ မီဒီယာများအား ရှင်းပြ ရာတွင် ယခုဖြစ်ရပ်သည် အေ့ဒ်စ်ကပ်ရောဂါအသစ် မဟုတ်ကြောင်း၊ ထိုသို့ ရေးသားသည်မှာ စိတ်ကူးယဉ် ပုံကြီးချဲ့လွန်းရာ ရောက်ကြောင်း၊ ဗိုင်းရပ်စ် ကြောင့်ဟု ယူဆရသော အမျိုးအမည်မသိ ရောဂါကြောင့် လူနာ အနည်းငယ် ဆေးရုံတက်ရသဖြင့် ပြည်နယ် ကပ်ရောဂါဆရာဝန်ကြီးက ဗ-ရ-၅ သို့ အကူ အညီ တောင်းခံရခြင်း ဖြစ်ကြောင်း ပဏာမ ရှင်းလင်း ပြောကြားသည်။

သတင်းထောက်များက စိတ်အားထက်သန်စွာ ရေးမှတ်ကြသည်။ သို့သော် ဒပ်ချက်စကား အရာရောက်ပါ့မလား။ အမျိုးအမည်မသိ ဗိုင်းရပ်စ် ရောဂါ ဆိုသည့် စကားသာ သူတို့ရင်ထဲ စွဲသွားလောက်ပြီ။

ဒပ်ချက် ဆက်ပြောသည်။ လူနာ စုစုပေါင်း ဆယ့်ခြောက်ယောက် ရှိကြောင်းနှင့် ပြဿနာကို ထိန်းချုပ်နိုင်ခဲ့ပြီဟု ယူဆကြောင်း၊ ဒေါက်တာလိန်း ကို လက်ညှိုးညွှန်ပြပြီး ကွာရန်တင်းလုပ်ငန်းများ စတင် အသက်ဝင်အောင် ဆောင်ရွက်နေပြီ ဖြစ်ကြောင်းနှင့် အလွယ်တကူ ထိန်းချုပ်ရနိုင်မည်ဟု မျှော်လင့် ကြောင်း ဆက်ပြောသည်။

ကလာရန့်ဟမ်းစ် ထလာသည်။ မေးခွန်း မေးသည်။

"ဒေါက်တာရစ်ချ်တာဟာ ဒီဗိုင်းရပ်စ်ကို အာဖရိကက သယ်ဆောင် လာခဲ့တယ် ဆိုတာ ဟုတ်ပါသလား"

ဒပ်ချက်က တည်ငြိမ်စွာ ပြန်ဖြေ၏။

mgyoe.com

mgyoe.com

"ကျွန်တော်တို့ မသိပါဘူး။ ဖြစ်နိုင်စရာတော့ ရှိပါတယ်။ ဒါပေမဲ့ သံသယဖြစ်ဖွယ် ကိစ္စတွေ အများကြီးပဲ။ ဒေါက်တာရစ်ချ်တာဟာ အာဖရိက ကနေ လွန်ခဲ့တဲ့ တစ်လကတည်းက ပြန်လာခဲ့တာ ဆိုတော့ ရောဂါပျိုးချိန်အရ မဖြစ်နိုင်သလောက်ပဲ။ ပုံမှန်အားဖြင့် ဒီရောဂါမျိုးတွေရဲ့ ရောဂါပျိုးချိန်ဟာ တစ်ပတ်လောက်ပဲ ကြာလေ့ရှိတယ်"

နောက်ထပ် သတင်းထောက် တစ်ယောက် ထလာပြန်သည်။

"အေ့ဒ်စ်ရဲ့ ရောဂါပျိုးချိန်ဟာ အနည်းဆုံး ငါးနှစ်လောက် ကြာတယ်၊ အခု ဗိုင်းရပ်စ်ရဲ့ ရောဂါပျိုးချိန်က ဘာဖြစ်လို့ ဒီလောက် တိုရတာလဲ။ တစ်လ ဆိုရင်ကော မဖြစ်နိုင်ဘူးလား"

သောက်ကျိုးနည်း၊ ဆေးပညာအကြောင်း နကန်း တစ်လုံးမှ မသိတဲ့ သတင်းထောက်ရဲ့ ဘာအဓိပ္ပာယ်မှ မရှိတဲ့ မေးခွန်း၊ ဒပ်ချက်သည် ဒေါသကို ထိန်းလိုက်သည်။

"အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်နဲ့ ခုဖြစ်နေတဲ့ ဗိုင်းရပ်စ် သဘောသဘာဝချင်း တခြားစီပဲဗျ။ မီဒီယာတွေဟာ ဒီအချက်ကို နားလည်ဖို့ လိုပါတယ်။ ဒါမှ ပြည်သူလူထုရဲ့ မလိုအပ်တဲ့ စိုးရိမ်ကြီးမှုကို ခင်ဗျားတို့ ဖြေသိမ့်ပေးနိုင်မယ် မဟုတ်လား"

"ခု ဗိုင်းရပ်စ်ကို မွေးလို့ ရပြီလား"

"မရသေးပါဘူး၊ ဒါပေမဲ့ မကြာခင် မွေးနိုင်မှာပါ၊ အလွန်ဆုံး တစ်ပတ် ပါပဲ"

"မွေးလို့ မရသေးဘဲနဲ့ အိတ်ချ်အိုင်ဗွီနဲ့ ကွာခြားတယ်လို့ ခင်ဗျား ဘယ်လို ပြောနိုင်မှာလဲ"

ဒပ်ချက် ထိုသတင်းထောက်ကို စိုက်ကြည့်လိုက်သည်။ သူ ဒေါသ ဖြစ်နေပြီမှန်း မာရီဆာ သိသည်။ သို့သော် တည်တည်ငြိမ်ငြိမ်ပင် ပြန်ဖြေ၏။

"ကူးစက်ရောဂါ အမျိုးမျိုး ရှိသလို ဒီရောဂါတွေကို ဖြစ်စေတဲ့ ပိုးလည်း အမျိုးမျိုး ရှိတယ် ဆိုတာကို ကျွန်တော်တို့ ပညာရှင်တွေထက် ခင်ဗျားတို့ သတင်းထောက်တွေက ပိုသိလိမ့်မယ်လို့ ကျွန်တော် မယူဆပါဘူး။ အချို့သော ပညာရပ်ဆိုင်ရာ ကိစ္စတွေဟာ နက်နဲ ခက်ခဲလွန်းအားကြီးလို့ လူသာမန်တွေ သိအောင် ရှင်းပြဖို့ ခက်ပါတယ်။

mgyoe.com

ကဲ- ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်ကြပါစို့၊ တစ်ခုခု ထူးခြားရင် ကျွန်တော် ထပ်ပြီး အကြောင်းကြားပါ့မယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား''

သတင်းထောက်များ ဆူညံ ပွက်လောရိုက်သွားသည်။ မေးခွန်းများ ထပ်မေးရန် ကြိုးစားနေကြသည်။ ဒပ်ချက်က အားလုံးကို လျစ်လျူရှုလိုက်ပြီး အခြား ဗ-ရ-၅ ဆရာဝန်ကြီးများနှင့်အတူ အခန်းထဲမှ ထွက်ခွာခဲ့ကြသည်။ မာရီဆာသည် သူတို့နှင့် တွေ့ဖို့ ကြိုးစားသော်လည်း လူအုပ်ကြီးကို မတိုးနိုင်။ အခန်းအပြင်ဘက်တွင် သတင်းထောက်များ ဆေးရုံဘက်သို့ သွားမည်ကို ရဲများက တားဆီးလျက် ရှိသည်။ ဗ-ရ-၅ ဝန်ထမ်းကတ်ကိုပြ၍ မာရီဆာ လိုက်သွားခဲ့ သည်။ ဒပ်ချက်ကို ဓာတ်လှေကားနေရာတွင် မိ၏။

''ကိုင်း- ကောင်မလေးကို မိပြီ''

ဒပ်ချက်က ခပ်မြူးမြူး ပြော၏။ သူ၏ ကတ္တီပါရောင် မျက်လုံးများ အရောင်တောက်လာသည်။ မာရီဆာကို အခြားသူများနှင့် မိတ်ဆက်ပေးနေ သော သူ့အသံမှာ မြူးကြွလှသည်။

''ဆရာတို့ ဒီလောက် အများကြီး လာလိမ့်မယ်လို့ မထင်ဘူး''

မာရီဆာက ဒပ်ချက်ကို ပြောလိုက်သည်။

''မလာလို့ မရဘူးကွဲ့၊ တို့မှာ ရွေးချယ်စရာ မရှိဘူး''

ဒေါက်တာလိန်းက ပြော၏။

ဒေါက်တာအပ်ဘော့ထ်ကလည်း ခေါင်းညိတ်ပြသည်။ ပြီးတော့-

''သတင်းစာ ရှင်းလင်းပွဲကတော့ တစ်မျိုး တစ်ဘာသာပေါ့လေ။ အခုဖြစ်တဲ့ ကပ်ရောဂါက ဆိုးတာတော့ အလွန်ဆိုးတာ အမှန်ပဲ။ တကယ်သာ အာဖရိကန် ဗိုင်းရပ်စ်သွေးယိုရောဂါဆိုရင် တို့အတွက် နိုးတစ်ဝက် ခြောက် အိပ်မက်ဆိုး ဖြစ်တော့မှာ အမှန်ပဲကွဲ့''

''ဒါက တကယ်ဖြစ်ကြောင်း သက်သေပြနိုင်ဦးမှပါဗျာ''

ဒေါက်တာ အက်ကင်စတိန်းက ရသေ့စိတ်ဖြေ ဝင်ပြော၏။

''ကြည့်ရတာ မျောက်ကတစ်ဆင့် ကူးတာ ပိုဖြစ်နိုင်တယ်''

ဒေါက်တာ မာ့ခ်ဗရီလန်က သူ့ထင်မြင်ချက်ကို ဝင်ပြော၏။ သူ ပြောမှ သတိရသည်။

''ကျွန်မ မျောက်ဆီက သွေးနမူနာ မရလိုက်ဘူး''

ဟု မာရီဆာ ပြောလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဒပ်ချက်က–

''ကိစ္စ မရှိတော့ဘူး၊ မနေ့ညက ရောက်ရောက်ချင်းပဲ မျောက်ကို သတ်ပြီး ကလီစာတွေ ဗ–ရ–၅ ပြန်ပို့လိုက်ပြီ။ အသည်းနဲ့ ဘေလုံး နမူနာ အသားစတွေက သွေးထက် ပိုကောင်းတယ်ကွဲ့''

ငါးထပ်သို့ ရောက်လာကြပြီ။ ဗ–ရ–၅ ၏ ရွှေလျားခတ်ခွဲခန်းကြီး အားလုံး တပ်ဆင်ပြီးပြီ။ ကျွမ်းကျင်ဝန်ထမ်း နှစ်ယောက် အလုပ်ရှုပ်နေကြ သည်။

''ဟို– အယ်လ်အေတိုင်း သတင်းစာ ဆောင်းပါးကိစ္စလေ၊ ကျွန်မ အမှားများ လုပ်မိလိုက်သလား မသိဘူး''

မာရီဆာက ဒပ်ချက်ကို နှစ်ကိုယ်ကြား ကပ်၍ ပြောလိုက်သည်။

ဒပ်ချက်က ပြုံးရင်း–

''ကိစ္စ မရှိဘူး၊ နောက်သာ မဖြစ်စေနဲ့''

ဟု ပြောရင်း နှာခေါင်းရှုံ့ပြသည်။

သူ ဘာကြောင့် သည်လို လုပ်ပြမှန်း မာရီဆာ နားမလည်။ ဆက်မေး လိုက်သည်။

''ဆရာ ရောက်ရောက်ချင်း ကျွန်မကို ဘာလို့ မခေါ်တာလဲ''

''ဩော်– လူ့စွမ်းအား ဆိုတာ အကန့်အသတ် ရှိတယ်ကွ၊ မင်း အကူအညီ မလိုသေးတာလည်း ပါတာပေါ့၊ အမှန်တော့ တို့လည်း ရောက် ကတည်းက မအားဘူး။ ရွှေလျားခတ်ခွဲခန်းဆင်၊ မျောက်ကို ခွဲစိတ်နဲ့၊ ခုမှ နည်းနည်း နားရတာ၊ သီးသန့်လူနာခန်းလည်း လုပ်ထားပြီးသား ဆိုတော့ အများကြီး အဆင်ပြေတယ်။ မင်းကို ဂုဏ်ပြုပါတယ် မာရီဆာ၊ အလုပ်သင် ကပ်ရောဂါဗေဒသမား တစ်ယောက်အနေနဲ့ မင်း လုပ်ထားတာ သိပ်ကို ကောင်းတယ်''

မာရီဆာ တစ်ကိုယ်လုံး မြောက်တက်သွားသည်။ ဒပ်ချက်က သူ့ကို ချီးကျူးလွန်းလှသည်ကိုး။

''လုပ်စရာတွေတော့ အများကြီးပဲ။ ဒါပေမဲ့ မင်း ပြောတာ နားထောင် ချင်သေးတယ်။ ဒီည မင်းနဲ့ တို့ ညစာ စားကြမယ်လေ။ တို့ တည်းတဲ့ ဟိုတယ် မှာပဲ မင်းကို စာရင်းသွင်းထားတယ်။ မင်း အခု နေနေတဲ့ အပူပိုင်းမိုတယ် ထက်စာရင်တော့ အများကြီး ပိုကောင်းပါလိမ့်မယ်''

mgyoe.com

mgyoe.com SAMPLE BOOK

"မိုတယ်က ပြဿနာ မရှိပါဘူး ဆရာ"

ဟု သူ ပြောလိုက်သေးသည်။ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေသည်။ တစ်ခုခု ဖြစ်ဦးတော့မလား။

မာရီဆာသည် သူ့ အလုပ်ခန်း ရှိရာသို့ လာခဲ့ပြီး မပြီးသေးသော အလုပ်များကို ဆက်လုပ်နေ၏။ ပထမဆုံး ဆေးပညာညီလာခံ နှစ်ခုမှ စပွန်ဆာ အဖွဲ့အစည်းများကို ဆက်သွယ်၏။ အဆိုပါ ညီလာခံများကို တက်ရောက်ခဲ့သူများအနက် ထူးထူးဆန်းဆန်း ရုတ်တရက် ဆိုးဝါးစွာ ဖျားနာသူများ ရှိလျှင် အကြောင်းကြားရန် မှာခဲ့သည်။

နောက် ဖုန်းတစ်ခု၊ မာရီဆာသည် နှုတ်ခမ်းကို ကိုက်ထား၏။ ဆက်လိုက်လျှင် မသိသား ဆိုးဝါးရာများကျမလား။ သိပ်ရက်စက်လွန်းရာကျမလား။ မတတ်နိုင်၊ သွားလေသူ ဒေါက်တာရစ်ချ်တာ၏ အိမ်ဖုန်းကို ဆက်လိုက်သည်။ မနေ့ညက မစ္စစ်ရစ်ချ်တာ ပေးမည်ဟု ကတိပြုထားသော ဒေါက်တာရစ်ချ်တာ၏ ဒိုင်ယာရီ ရနိုင်၊ မရနိုင် မေး၏။ ဖုန်းကို အိမ်နီးချင်းတစ်ဦး လာကိုင်၏။ မုဆိုးမ ပူပူနွေးနွေး မစ္စစ်ရစ်ချ်တာကို ပြန်မေးပြီးနောက် နာရီဝက်လောက်အကြာတွင် သူ့အိမ် လာခဲ့ဖို့ ပြောသည်။

ဒေါက်တာရစ်ချ်တာ၏ အလွန် အင်မတန် လှပ၊ ဈေးကြီးသော အိမ်ကြီးသို့ မာရီဆာ သွား၏။ ဘဲလ်ကို အသာလေး တီးလိုက်သည်။ စောစောက ဖုန်းကိုင်သော အိမ်နီးချင်းပင် တံခါး လာဖွင့်ပေး၏။ ဆောင့်ကြီး အောင့်ကြီးဖြင့် မာရီဆာကို ခေါ်ဆောင်သွားသည်။

အင်နာရစ်ချ်တာသည် ငါးမိနစ်အတွင်း ရောက်လာ၏။ အင်နာ ကြည့်ရသည်မှာ နေ့ချင်းညချင်း ဆယ်နှစ်လောက် အိုစာသွားသလို ထင်ရသည်။ မျက်နှာက ဖြူဖပ်ဖြူရော်၊ မနေ့ညက အသေအချာ ပြင်ဆင် ကောက်လိပ်လာခဲ့သော ဆံနွယ်ခွေကလေးများမှာ အခုတော့ မျက်နှာပေါ် အချောင်းလိုက် အချောင်းလိုက် ဖိုသီဖတ်သီ ကျနေသည်။

အင်နာသည် စာရွက်အချို့ကို ကိုင်ထား၏။ ဘုရား- အနိစ္စ၊ မနေ့က သူ့ခင်ပွန်း ကွယ်လွန်တဲ့ညမှာ သူ ဒါတွေကို တစ်ညလုံး ထိုင်ရေးခဲ့ရမှာပေါ့။ မာရီဆာ ဘာပြောရမှန်း မသိတော့။

အင်နာက ထိုစာရွက်များကို ကမ်းပေးရင်း-

mgyoe.com

mgyoe.com

"ညက အိပ်မပျော်တာနဲ့ အတော်ပါပဲ၊ ဒီစာရွက်တွေကနေ သူနဲ့ ရောဂါ အတူတူဖြစ်နေကြတဲ့ လူတွေကိုကယ်ဖို့ သဲလွန်စများ ရမယ်ဆိုရင် ကျွန်မ ရေးရတာ......."

အင်နာသည် မျက်ရည်ဝိုင်းလာ၏။ သူက ရှိုက်ရင်း ရှိုက်ရင်း-

"သူက လူကောင်း၊ ဖခင်ကောင်း တစ်ယောက်ပါရှင်၊ ကျွန်မတို့ မိသားစုရဲ့ ကျေးဇူးရှင်ကြီးပါ"

ဒေါက်တာ ရစ်ချ်တာနှင့် ဟယ်လင်တောင်းဆန့်တို့၏ တိတ်တခိုး ဇာတ်လမ်းကို သိထားသော်လည်း မာရီဆာသည် ဒေါက်တာရစ်ချ်တာကို လူကြီးလူကောင်း တစ်ယောက်လို့ပင် မှတ်ယူလိုက်ပါသည်။ အင်နာ၏ သောက ကို ဘယ်လို နှစ်သိမ့်ပေးရမှန်း သူ မသိ။ မြန်မြန်ပြန်တာပဲ ကောင်းမည်။

☠

ကားပေါ်ရောက်တော့ စာရွက် အချို့ကို ဖတ်ကြည့်သည်။ အံ့ဩဖို့ ကောင်းလောက်အောင် အသေးစိတ်သည်။

သည်စာရွက်တွေရယ်၊ ရုံးက မစ္စကာဗင်နာ ပေးထားတာတွေရယ်၊ ဒေါက်တာရစ်ချ်တာရဲ့ အလုပ်မှတ်တမ်းစာအုပ်ရယ် ပေါင်းလိုက်လျှင် ရစ်ချ်တာ ၏ ရောဂါမဖြစ်မီ ရက်သတ္တ နှစ်ပတ်အတွင်း ပုံရိပ်လွှာအပြည့်အစုံကို ရနိုင်တော့ မည်။

ဆေးရုံရောက်ရောက်ချင်း ဇန်နဝါရီလအတွင်း ရစ်ချ်တာ၏ လှုပ်ရှားမှု မှတ်တမ်းကို စတင် ပြုစုသည်။ တစ်ချက် သတိထားမိသည်က မျက်ကြည်လွှာ ရောဂါတစ်ခု ဖြစ်နေသော အေဒ်စ်လူနာ မိတာကို ဆိုသူက သူ့ကို ကယောင် ကတမ်းဖြင့် လှမ်းဆွဲတာ ခံရကြောင်း ဒေါက်တာရစ်ချ်တာက မစ္စကာဗင်နာ ကို ပြောပြထားသည်။ ထိုကိစ္စကို နောက်ကြောင်းလိုက်ရန် တေးမှတ်ထား လိုက်သည်။

နေ့လယ်ပိုင်းမှာ ဖုန်းလာသည်။ ကောက်ကိုင်လိုက်တော့ တက်ဒ် ရှော်ကလေ၊ သူ အယ်လ်အေမျာ ရောက်နေသလား ထင်ရလောက်အောင် ဖုန်းထဲမှ အသံက ပီသ ကြည်မြနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

''ဟင့်အင်း၊ ကျွန်တော် အတွက်လန့်တာမှာပဲ၊ ဒပ်ချက်ကို ပြောစရာ ရှိလို့၊ သူ ဘယ်မှာလဲ''

''ဟိုတယ် ပြန်သွားတယ် ထင်တယ်''

''ကောင်းပြီ၊ ကျွန်တော် ဟိုတယ်ကို ဆက်မယ်၊ ဒါပေမဲ့ မာရီဆာ ကိုလည်း ပြောထားရမယ်၊ သတင်းကတော့ သတင်းကောင်း မဟုတ်ဘူး''

''ဒေါက်တာဒပ်ချက်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စလား''

တက်ဒ်က ခပ်မြုံးမြုံး ရယ်လိုက်ပြီး–

''ဘယ့်နှယ်၊ ကိုယ်ရေးကိုယ်တာကိစ္စရမလဲဗျ၊ ခင်ဗျားတို့ အုပ်စုနဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့နေတဲ့ ဗိုင်းရပ်စ်လေ၊ ဒေါက်တာရစ်ချ်တာ သွေးတစ်မီလီ မီတာမှာ ဘီလီယံနဲ့ချီပြီးတော့ကို တွေ့တာ၊ ဘာမှ လုပ်စရာကို မလိုဘူး၊ ဒီတိုင်း ထားပြီး အီလက်ထရွန် မိုက်ခရိုစကုပ်နဲ့ ကြည့်လိုက်ရုံပဲ''

''ဘာကောင်တုံးဟင်''

''အီဘိုလာဗျ၊ အီဘိုလာ သွေးယိုအဖျား၊ ကြောက်စရာအကောင်းဆုံး အမျိုးအစားပဲ၊ ဒေါက်တာရစ်ချ်တာ ရှိသေးလား''

''မနေ့ညက ဆုံးသွားပြီ''

''အေးလေ၊ အီဘိုလာက ရောဂါကြောင့် သေနှုန်း ၉၄ ရာခိုင်နှုန်း တောင် ရှိတာကိုး''

''ဘုရား– အနိစ္စ''

မာရီဆာ တကယ် လန့်သွားသည်။ တက်ဒ် ပြောလိုက်သည့် သေနှုန်း ကို သူ မသိ။

''ဒါဆို သေနှုန်း အများဆုံး ဗိုင်းရပ်စ်ပေါ့''

''အင်း– အချို့ကတော့ ခွေးရူးဗိုင်းရပ်စ်ကို သေနှုန်း အများဆုံး လို့ ပြောကြတယ်။ ဒါပေမဲ့ ကျွန်တော် ထင်တာတော့ အီဘိုလာက အများဆုံး ပဲ။ နောက်ပြဿနာတစ်ခုက သူ့အကြောင်း ဘာမှ မသိတာဘဲ။ အတွေ့အကြုံ လည်း သိပ်မရှိဘူး။ အာဖရိကမှာ ပြောက်တိပြောက်ကျား ဖြစ်ပြီး ခြေရာပျောက် သွားတဲ့ ဒီဗိုင်းရပ်စ်ဟာ လော့စ်အိန်ဂျယ်လိစ်မှာ ဘယ်လို လာပေါ်သလဲ၊ ခင်ဗျား တို့ ဖြေရှင်းရတော့မယ် မာရီဆာ''

mgyoe.com

mgyoe.com

"ဒေါက်တာရစ်ချ်တာဟာ ရောဂါမဖြစ်ခင် အာဖရိကန် မျောက် တစ်ကောင် ကိုက်တာ ခံရတယ်။ ဒေါက်တာ ဗရီလန်ကတော့ မျောက်ဟာ ရောဂါအရင်းအမြစ်ပဲလို့ ပြောတယ်"

"သူ ပြောတာ ဖြစ်နိုင်ပါတယ်။ ၁၉၆၇ တုန်းက ဂျာမနီမှာ ဖြစ်ခဲ့တဲ့ ဗိုင်းရပ်စ်သွေးယိုရောဂါကပ်ဟာ မျောက်က စတာပဲ။ စဖြစ်တဲ့ မြို့အမည်ကို အစွဲပြုပြီး မာဘတ်ခ်ဗိုင်းရပ်စ်လို့ အမည်ပေးခဲ့ကြတယ်။ အီဘိုလာနဲ့ မာဘတ်ခ် ဟာ အတော့်ကိုဆင်တဲ့ ဗိုင်းရပ်စ်တွေကွဲ့"

"မျောက်က ကူး၊ မကူး တို့ မကြာခင် သိမှာပဲ၊ အဲဒီမျောက်ရဲ့ အသားစ နမူနာတွေ ပို့လိုက်ပြီ။ အသေအချာ စစ်ပေး။ ပြီးရင် တို့ကို ပြောပြ"

"စိတ်ချပါ၊ ခုတော့ အီဘိုလာကို မွေးလိုက်ဦးမယ်၊ ဒပ်ချက်တို့ကို လည်း အီဘိုလာနဲ့ ထိပ်တိုက်တွေ့ပြီ ဆိုတဲ့အကြောင်း ပြောပြပါ၊ နောက်မှ ထပ်ဆက်မယ်"

ဗ-ရ-၄ အလုပ်ခန်းသို့ သွားကြည့်၏။ တစ်ယောက်မှ မတွေ့၊ ဘယ်ရောက်ကုန်ကြသလဲ မေးကြည့်တော့ အချို့က အရေးပေါ်ခန်းမှာ၊ လူနာ နှစ်ယောက် ထပ်မံသေဆုံးသဖြင့် တချို့က အလောင်းခွဲစိတ်ခန်းမှာ၊ ဒေါက်တာ ဒပ်ချက်ကတော့ ဟိုတယ် ပြန်သွားသည်ဟု ဆို၏။ ဗ-ရ-၄ ဓာတ်ခွဲကျွမ်းကျင် နှစ်ယောက်ကို အီဘိုလာကပ်ရောဂါ ဖြစ်ကြောင်း ပြောပစ်ခဲ့သည်။ အခြား သူများကိုလည်း ပြောပေးဖို့ မှာခဲ့ပြီး အလုပ် ဆက်လုပ်ဖို့ ပြန်လာခဲ့သည်။

☠

ဘီဗာလီ ဟေလ်တန် ဟိုတယ်သည် ဒပ်ချက် ပြောခဲ့သလို အပ္ပပိုင်း မိုတယ်ထက် အပြန်တစ်ရာ သာ၏။ ဝန်ဆောင်မှုလည်း လိုတာထက် ပိုကောင်း ၏။ ရစ်ချ်တာဆေးခန်းနှင့်လည်း ပိုနီး၏။

မာရီဆာသည် အပ္ပပိုင်းမိုတယ်တွင် အဝတ်အစားအိတ်ကို ဖွင့်တောင် မဖွင့်ခဲ့ရသည့်အတွက် ဘီဗာလီ ဟေလ်တန်သို့ ချက်ချင်း ပြောင်းလိုက်နိုင် သည်။

mgyoe.com

mgyoe.com

နေ့လယ်က သူ့ထံ ဒပ်ချက် ဖုန်းခေါ်၏။ တက်ဒ် ပြောသည့်ကိစ္စကို ပြန်ပြောပြသည့်အခါ ဒပ်ချက်က မျှော်လင့်ထားပြီးပုံဖြင့် တည်တည်ငြိမ်ငြိမ် တုံ့ပြန်၏။ အခန်းနံပါတ် ၈၀၅ တွင် သူ့အတွက် စီစဉ်ထားကြောင်း ပြော၏။

ည ခုနစ်နာရီခွဲတွင် ညစာ စားရန် စီမံထားကြောင်း၊ သူ့အခန်းသို့ လာစေလိုကြောင်း မာရီဆာ့ကို ပြောပြန်သည်။ ညစာ စားနေစဉ် အလုပ်ကိစ္စ ဆွေးနွေးမည် ဖြစ်ကြောင်း တစ်ပါတည်း ပြော၏။

မာရီဆာသည် သားနားလှသော အိပ်ချင်စဖွယ် ခုတင်ကြီးကို မျက်စောင်း ထိုးနေသည်။ သို့သော် ၇ နာရီ ကျော်နေပြီ။ အိပ်ဖို့ အချိန်မရ။ ရေသုတ်သုတ်ချိုး၊ ဆံပင်သုတ်ပြီး မိတ်ကပ်ပြင်သည်။ ဒေါက်တာရစ်ချ်တာနှင့် ပတ်သက်သော မှတ်စုများကိုထုတ်၍ ဒပ်ချက်အခန်းဆီသို့ လျှောက်သွားပြီး တံခါးခေါက်လိုက် သည်။

ဒပ်ချက်က ဝင်လာခဲ့ဖို့ အထဲမှ လှမ်းအော်သည်။ သူ တက်ဒ်နှင့် ဖုန်း ပြောနေ၏။ မာရီဆာ ဝင်ထိုင်လိုက်ပြီး နားထောင်နေသည်။ မနေ့ညက ပို့လိုက် သော မျောက်တွင် ဘာဗိုင်းရပ်စ်မှ မတွေ့ရဟု ဆိုသည်။

''အီလက်ထရွန် မိုက်ခရိုစကုပ်နဲ့ ကြည့်တော့ ဘာမှ မတွေ့ဘူးလို့ ဆိုလိုတာလား''

တစ်ဖက်မှ တက်ဒ်က ရှည်ရှည်လျားလျား ရှင်းပြနေသည်။ မာရီဆာ နာရီကို ကြည့်လိုက်သည်။ ခုဆို အတ္တလန်တာမှာ ည ၁၁ နာရီလောက် ရှိတော့မည်။ တက်ဒ် အချိန်ပိုဆင်းနေရပြီပေါ့။ ဒပ်ချက်ကို ကြည့်လိုက်ပြန် သည်။ မာရီဆာ့စိတ်ထဲတွင် ရပ်ဖ်၏ ပါတီပွဲကစ၍ ဒပ်ချက်ကို စွဲလမ်းမိ သလိုလို ဖြစ်နေသည်။ အထူးသဖြင့် သူ၏ မဟူရာရောင် မျက်ဝန်းများဖြင့် အကြည့်ခံလိုက်ရလျှင် လူမှာ သိမ့်သိမ့်တုန်သွားသလို ထင်မိသည်။

ဒပ်ချက် ဖုန်းပြောပြီးသွားပြီ။ သူ့ထံသို့ လျှောက်လှမ်းလာပြီး သူ့ကို ငုံ့ကြည့်ရင်း–

''ဒီနေ့ မင်း သိပ်လှတာပဲ၊ မင်းသူငယ်ချင်း တက်ဒ်က မင်းအတွက် စိုးရိမ်နေတယ်၊ သတိထား လုပ်ပါတဲ့၊ ရောဂါကူးစက်နိုင်ခြေ သိပ်များတယ်တဲ့''

''အေးအတူ ပူအမျှပေါ့ ဆရာရယ်။ ရောဂါကူးနိုင်ခြေကတော့ ဒီကိစ္စနဲ့ ပတ်သက်တဲ့လူ အကုန်လုံးမှာ ရှိတာပဲ၊ ဒါနဲ့ မျောက်ဆီက ဘာမှ မရဘူးလား''

mgyoe.com

mgyoe.com

"မျောက် အသည်းနဲ့ ဘေလုံး အသားစတွေကို အီလက်ထရွန် မိုက်ခရိုစကုပ်နဲ့ကြည့်တော့ ဘာမှ မတွေ့ဘူး၊ ခုတော့ ဗိုင်းရပ်စ် မွေးထားတယ်။ တစ်ပတ်လောက်နေရင် သိမှာပေါ့"

မာရီဆာက ဒေါက်တာ ရစ်ချ်တာ၏ ကိုယ်ရေးမှတ်စုများကို ကမ်းပေးလိုက်သည်။

"ဒါတွေ နည်းနည်း ဖတ်ကြည့်ပါဦး ဆရာ"

ဒပ်ချက်က စာရွက်များကို လှမ်းယူရင်း ခပ်မြန်မြန် ဖတ်နေသည်။

အယ်လ်အေ ရောက်ချိန်မှစ၍ ခုထိ လုပ်ခဲ့သမျှကို တတ်နိုင်သမျှ စိကာ စဉ်ကာ အစီရင်ခံလိုက်သည်။ ဒေါက်တာရစ်ချ်တာသည် မူလရောဂါ ဖြန့်ဖြူးသူနှင့် အီဘိုလာ၏ အရင်းအမြစ် ဖြစ်ကြောင်း၊ သူမှတစ်ဆင့် သူ့လူနာများနှင့် အခြားသူများကို ကူးစက်ခြင်း ဖြစ်ကြောင်း၊ ရစ်ချ်တာနှင့် တောင်းဆန်တို့၏ ပတ်သက်မှု၊ ရစ်ချ်တာ တက်ခဲ့သော မျက်စိကု ဆေးပညာညီလာခံ နှစ်ခု အကြောင်း၊ ညီလာခံ တက်သူများ၏ ဆက်သွယ်ရန် သတင်းအချက်အလက် အပြည့်အစုံတို့ကို ရှည်လျားစွာ ရှင်းပြ၏။

သူ တစ်ကိုယ်တော် စကားပြောနေစဉ် ဒပ်ချက်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။ သို့သော် သူ့စကားထက် သူ့မျက်နှာကို ပို စိတ်ဝင်စားနေသလိုမျိုး စိုက်ကြည့်နေသည်။ ဒပ်ချက်ထံမှ တုံ့ပြန်မှု မရသဖြင့် မာရီဆာသည် စကားပြောခြင်းကို ရပ်လိုက်သည်။

ဒပ်ချက်က သက်ပြင်းတစ်ချက်ချပြီး ခပ်ပြုံးပြုံး လုပ်၍-

"ကောင်းတယ်၊ မင်း အလုပ်လုပ်တာ တော်တယ်"

ဟု ပြောလိုက်၏။

"မင်း လုပ်ခဲ့တာဟာ ကပ်ရောဂါနှိမ်နင်းရေးနဲ့ ပတ်သက်လို့ ပထမဆုံး အတွေ့အကြုံပါလို့ ပြောဖို့တောင် အတော်ခက်တယ်။ သိပ်ကောင်းတယ်"

ဟု ထပ်ပြောပြန်သည်။

ထိုစဉ် တံခါးခေါက်သံ ကြားလိုက်ကြသည်။

"ညစာ လာပို့ပြီ ထင်တယ်။ အတော်ပဲ၊ တို့ အတော် ဆာနေပြီ"

mgyoe.com

ညစာက လွမ်းလောက်စရာ မရှိ၊ စားနေကျ ပုံစံအတိုင်းသာ။

စားသောက်ခန်းသို့ ဘာလို့ ဆင်းမစားသလဲဟု မာရီဆာ တွေးနေမိသည်။ အလုပ်ကိစ္စအကြောင်း ပြောချင်လို့ဟု ထင်မိသော်လည်း ညစာ စားသည်နှင့် ဒပ်ချက်က ရပ်ဖ်၏ ပါတီပွဲအကြောင်း၊ ဗ-ရ-ဌ အပေါ် မာရီဆာ၏ အမြင်များနှင့် ယခုအလုပ်အပေါ် ကျေနပ်နှစ်သက်ခြင်း ရှိ၊ မရှိ စသည်ဖြင့် တောင်စဉ်ရေမရ လျှောက်မေးသည်။ ထို့နောက် ဆိုင်းမဆင့် ဗုံမပါဖြင့်-

"တို့က မုဆိုးဖိုပါ မာရီဆာ" တဲ့။

မာရီဆာ အံ့သြသွားသည်။ မဆီလေးရယ်တဲ့ အို မဆိုင်သော ကိစ္စကို ရုတ်တရက် သူ ဘာကြောင့် ပြောသနည်း။

"ဟုတ်ကဲ့၊ ကျွန်မ စိတ်မကောင်းပါဘူး"

အလိုက်သင့် ပြန်ပြောလိုက်သည်။

"မင်း သိသင့်တယ် ထင်လို့ပါ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ယာဉ်တိုက်မှု ဖြစ်ပြီး ဆုံးပါးသွားခဲ့တယ်"

မာရီဆာ ခေါင်းညိတ်ပြလိုက်သည်။ ဘာပြန်ပြောရမှန်းလည်း မသိ။

"မင်းကော တစ်ယောက်ယောက်နဲ့ ဟိုဟာ ဖြစ်သလား"

ဘယ်တစ်ယောက်ယောက်နဲ့ ဟိုဟာ ဖြစ်ရမှာလဲ။ မေးပုံကိုက ကိုးလိုးကန့်လန့်၊ မာရီဆာသည် အထက်လူကြီး ဖြစ်သူကို ရော်ဂျာနှင့် သူ့ကိစ္စကို ရင်ဖွင့်ဖို့ စိတ်ကူးမရှိ။

"မရှိသေးပါဘူး၊ ခု မရှိပါဘူး"

ဒပ်ချက်၏ 'ဟိုဟာ'ကို မာရီဆာက နားလည်စွာဖြင့် အဖြေပေးလိုက်သည်။

သူ တက်ဒ်နှင့် ချိန်းချိန်းတွေ့နေသည်ကို သိလို့များ တစ်ခုခု ပြောချင်လို့လားဟု စိုးရိမ်မိသေးသည်။ ဘယ်သူ့ကိုမှတော့ မပြောမိဘူး ထင်တာပဲ။ မာရီဆာသည် ချက်ချင်းလက်ငင်း နေမထိ ထိုင်မသာ ဖြစ်လာ၏။ အလုပ်နှင့် ကိုယ်ရေးကိုယ်တာ မရောယှက်စေရဟု သူ ချမှတ်ထားသော သံမဏိစည်းကမ်းကို ထိပါးလာပြီဟု ခံစားနေရသည်။ ဒပ်ချက်ကို တစ်ချက် ကြည့်လိုက်သည်။ အင်မတန် ဆွဲဆောင်မှုရှိသည့်လူ ဖြစ်ကြောင်း အသိအမှတ် ပြုလိုက်ရပြန်သည်။ နေမထိ ထိုင်မသာ ဖြစ်ရခြင်း အကြောင်းတစ်ခုက သူ အဲသလို ဆွဲဆောင်မှု

mgyoe.com

mgyoe.com SAMPLE BOOK


ရှိလွန်းလို့လည်း ပါမယ်၊ ဘာပဲဖြစ်ဖြစ် သူနဲ့ သိပ်ရောလို့ မဖြစ်၊ သူ့အခန်းထဲက ထွက်ပြေးချင်လာသည်။

ဒပ်ချက် မတ်တတ်ထရပ်လိုက်သည်။

"ကဲ- ဆေးခန်း ပြန်သွားကြဦးစို့"

ကောင်းသည်။ မာရီဆာ အလုံးကြီး ကျသွား၏။ စာရွက်စာတမ်းများ တင်ထားသည့် စားပွဲသို့အသွား ဒပ်ချက်သည် သူ့ပခုံးနှစ်ဖက်ကို ကိုင်လိုက်ပြီး ဆတ်ခနဲ ဆွဲလှည့်လိုက်သည်။ မာရီဆာမှာ အံ့အားသင့်လွန်းသဖြင့် ကျောက်ရုပ်လို တွေတွေကြီး ရပ်နေမိသည်။ နှုတ်ခမ်း နှစ်စုံ ထိတွေ့မိကြသည်။ မာရီဆာ ကိုင်ထားသော စာရွက်များ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲလျက်။

"တို့ တောင်းပန်ပါတယ်"

ဒပ်ချက်က ခပ်တိုးတိုး ပြော၏။

"ခုလို လုပ်ဖို့ အစီအစဉ် မရှိပါဘူး။ ဒါပေမဲ့ မင်း ဗ-ရ-၅ ကို ရောက်တဲ့နေ့က စပြီး တစ်နေ့ ဒီလို လုပ်မယ်လို့ တို့ ရည်ရွယ်ခဲ့တာတော့ အမှန်ပဲ။ လုပ်ငန်းခွင်ထဲက ဘယ်သူနဲ့မှ တို့ ချိန်းမတွေ့ဘူးလို့ သန္နိဋ္ဌာန်ချထားတာ ခုတော့..."

မာရီဆာ စကားမပြောနိုင်၊ ရင်ထဲမှာ ဗလောင်ဆူနေသည်။ ဘာမှ မပြောချင်တာလည်း ပါသည်။ ဒပ်ချက်က သူ့ကို ကာယိန္ဒြေ ပျက်ပြားလောက်အောင် ဗလက္ကာရ ပြုတာတော့ မဟုတ်၊ ဒါပေမဲ့ စိတ်မသက်မသာ ဖြစ်မိ၏။

ဒပ်ချက်က ထပ်ပြောပြန်သည်။

"မာရီဆာ၊ ကလေး၊ တကယ်လို့ မင်း သဘောတူခဲ့ရင် အတ္တလန်တာ ပြန်ရောက်ရင် တို့ တရားဝင် တွဲကြစို့၊ ဒါပေမဲ့ မင်းမှာ ရပ်ဖ်၊ ဒါမှမဟုတ် တခြား တစ်ယောက်ယောက် ရှိပြီးသား ဆိုရင်တော့..."

ဒပ်ချက် အသံသည် တစ်ဝက်တစ်ပျက်ဖြင့် ရပ်သွားသည်။

မာရီဆာသည် စာရွက်များကို ကောက်လိုက်သည်။

"ဆေးရုံ သွားမယ်ဆို၊ ခု သွားကြစို့ ဆရာ"

ဟု ခပ်ပြတ်ပြတ်ပြောရင်း ထွက်လာခဲ့သည်။

mgyoe.com

mgyoe.com

ဒပ်ချက်သည် မာရီဆာနောက်မှ သိစိတ်ကင်းမဲ့နေသူ တစ်ယောက်လို တောင့်တောင့်ကြီး လိုက်လာသည်။ စကားတစ်ခွန်းမှ မပြောမိကြ။

ကားပေါ်မှာ ထိုင်မိတော့ မာရီဆာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။ တကယ်တော့ ဆိုင်ရေးဒပ်ချက်ဟာ သူ တွေ့ဖူးသမျှ ယောကျ်ားတွေထဲမှာ ဆွဲဆောင်မှု အရှိဆုံး၊ ရော်ဂျာထက် အများကြီး ပို၍ ဆွဲဆောင်မှုရှိသည်။ သူ ဘာဖြစ်လို့များ ခုလို တုံ့ပြန်ခဲ့မိပါလိမ့်။

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၄ )

## ဖေဖော်ဝါရီ ၂၇ ရက်နေ့

ရက်သတ္တပါးပတ် ကြာသောအခါ မာရီဆာသည် အတ္တလန်တာရှိ သူ၏ နေအိမ်သို့ ပြန်ရောက်လာသည်။ တစ်ချိန် တစ်ခါက ရှိခဲ့ဖူးသည့် ပွင့်လင်းနွေးထွေးသော အလုပ်သဘောဆက်ဆံရေးသည် သူနှင့် ဒပ်ချက်ကြားတွင် ပျောက်ဆုံးသွားခဲ့ပြီဟု မာရီဆာ ယူဆ၏။ ဟေလ်တန်ဟိုတယ်တွင် အနမ်းချင်း ဖလှယ်မိခဲ့ကြပြီးနောက် ရစ်ချ်တာဆေးခန်း၏ ဗ-ရ-၄ အစည်းအဝေးပွဲများတွင် ဒပ်ချက်သည် သူ့အပေါ် စိမ်းကားလှသည်။ တက္ကစီသည် သူ နေထိုင်ရာ လမ်းထဲသို့ ချိုးကွေ့လာသောအခါ မီးလင်းနေသော အိမ်ပြတင်းပေါက်များကို ကားပေါ်မှ ငေးကြည့်ရင်း အထီးကျန်စိတ်က ရင်ကို ရိုက်ခတ်လာသည်။

ကားပေါ်မှ ဆင်းဆင်းချင်း ဂျက်ဆင်တို့အိမ်ကို သွားသည်။ တပ်ဖီကို ခေါ်သည်။ ဂျက်ဆင်တို့ လင်မယားက ခွေးကလေးကို မပေးချင် ပေးချင်ဖြင့် ပြန်ပေးလိုက်သည်။ တပ်ဖီကလည်း သူ့ကို မြင်သည်နှင့် အမြီးတနှန့်နှန့်။

အိမ်ထဲရောက်တော့ အပူချိန်ကို ချိန်ညှိလိုက်သည်။ ညစာစားဖို့ သတိရသည်။ ရေခဲသေတ္တာ မီးပိတ်ခဲ့သဖြင့် စားစရာ အားလုံး ပုပ်သိုးကုန်ပြီ။ အပြင်ထွက်ရဦးမည်။ အမြန်ရသော အစားအစာများကိုဝယ်ပြီး ခပ်သုတ်သုတ်

mgyoe.com